ေကြးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (25-7-2005) (၄၆၆၇)

“ဘိုးဘွားအမွေအနှစ်” အစစ်အမှန်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား သွေးစည်းညီညွတ်မှုစိတ်ဓာတ်များဖြင့် အသက်ထက် ဆုံး စောင့်ရှောက်ကာကွယ်ကြရန်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး၏ မွေးရာပါ အဓိကတာဝန်ကြီးပင်ဖြစ်၏။

မိမိတို့အားလုံး မြန်မာတိုင်းရင်းသားများဟု အလေးအနက်ခံယူ

သံသယစိတ်အမျိုးမျိုးဖြင့် စွဲကိုင်ထားခဲ့ကြသည့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ် “ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့” အမြန်ဆုံး လျှောက်လှမ်းလာကြရန် အချိန်တန်

ရန်ကုန် ဇူလိုင် ၂၄

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများအင်အား ၄၀၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၆)နှင့် ရှမ်းပြည်တပ်မတော်(SSA) ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

Newspaper 1 25/07/2005, 3:21 AM

ကြေးမုံ The Mirror

၂၅-၇-၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လမ်း၊ တံတား ဆက်သွယ်ရေးကွန်ရက်

ဒေသဖွံ့ဖြိုးမှု၊လူမှုဘဝတိုးတက်မှုကိုအထောက်အကူပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးစေရေး၊ တိုင်းရင်းသားလူမျိုးများ အားလုံး လူမှုစီးပွားရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားစေရေး အတွက် တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်ပေးနေသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ဖော်ဆောင်ပေးလျက် ရှိသည်။

ဒေသဖွံ့ဖြိုးရေး၊ဒေသခံတိုင်းရင်းသားပြည်သူများ လူနေမှု အဆင့်အတန်း မြင့်မားစေရေးအတွက် နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍပေါင်းစုံမှ အရှိန်အဟုန်ဖြင့် မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ပေးနေပေသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့်နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတစ်ဝန်းလုံး၌ ပြည်ထောင်စုလမ်းမကြီးများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးနေသည်။ ထို့အတူ တံတားကြီးများကိုလည်း ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေသည်။

သာဓကအားဖြင့် တစ်ချိန်က ဆက်သွယ်သွားလာမှုခက်ခဲပြီး ရေကြောင်းနှင့်လေကြောင်းလမ်းကိုသာ အဓိကအားထားသွားလာခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်က လမ်းနှင့်တံတားများကို ဖောက်လုပ်၊ တည်ဆောက်ပေးခဲ့သဖြင့် ယခုအခါ တိုင်းရင်းသားပြည်သူများ လွယ်ကူအဆင်ပြေစွာ ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြပြီဖြစ်သည်။

လမ်းများဖောက်လုပ်ရာတွင် တောတောင်များနှင့် ရွှံ့ညွန်တောများကို ခက်ခက်ခဲခဲ ဖြတ်ကျော်ဖောက်လုပ်ခဲ့ရသည်ကို တွေ့ရသည်။ မိုင် ၄၀၀ ရှည်လျားသည့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကို ဖောက်လုပ်ပေးနေသကဲ့သို့ အဆိုပါလမ်းပေါ်၌ တံတားကြီးများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ မအီနှင့်ကျောက်ဖြူအကြားတွင် ပေ ၁၈၀ အထက်တံတားကြီး ၁၀ စင်းကို တည်ဆောက်လျက်ရှိရာ တံတားအားလုံး မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

မအီမြို့ကို ကျေးရွာအဆင့်မှမြို့အဆင့်သို့ နိုင်ငံတော်က တိုးမြှင့်ပေးထားခြင်းဖြစ်ရာ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်လှစ်သည့်အခါတွင် လမ်းဆုံမြို့ဖြစ်သော မအီမြို့ကို မော်တော်ယာဉ်များ ဥဒဟို ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ရာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ထို့ကြောင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့် အခြေအနေကောင်းများနှင့် လိုက်လျောညီထွေစွာ မိမိတို့ဒေသ၏ စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

စီးပွားရေးကောင်းမွန်စေရေးအတွက် အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဒေသရေ၊ မြေ ရာသီဥတုနှင့်အညီ ဝီရိယစိုက်ထုတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ဖန်တီးဖော်ဆောင်ပေးမှုနှင့်အညီ ပေါ်ထွက်လာသည့် လမ်း၊ တံတား ဆက်သွယ်ရေးကွန်ရက်သည် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူတို့၏ လူမှုဘဝ မြင့်မားတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိသည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

အီရတ်စစ်ပွဲကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းနှောင့်နှေး အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရန် အမေရိကန်ပြည်သူတို့လိုလား

ဝါရှင်တန် ဇူလိုင် ၂၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဗုံးပေါက်ကွဲမှုအပြီးတွင် အကြမ်းဖက်မှုစစ်ပွဲနှင့် ပတ်သက်သည့် လူထုသဘောထားအမြင်ကို လေ့လာကောက်ယူခဲ့သည်။ ထိုစာရင်းကောက်ယူမှုအရ အမေရိကန်လူထု ထက်ဝက်နီးပါးက အမေရိကန်တို့ တိုက်ခိုက်နေသောစစ်ပွဲကြောင့် အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများတွင် ထိရောက်မှုမရှိဘဲ ဖြစ်ခဲ့ရသည်ဟု ယူဆနေကြကြောင်း လူထုသဘောထားစစ်တမ်းက ဖော်ပြနေသည်။

ထိုကွင်းဆင်းလေ့လာမှုကို ပြည်သူ့သတင်းလုပ်ငန်းအတွက် ပွဲသုတေသနအဖွဲ့က တာဝန်ယူလေ့လာ ဆန်းစစ်ခဲ့ခြင်းဖြစ်သည်။ အရွယ်ရောက်ပြီးသူ အမေရိကန် ၁၅၀၂ ဦးတို့ထံမှ အမြင်သဘောထားများကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အတွင်း ကောက်ယူခဲ့ကြသည်။ ယင်းလေ့လာချက်အရ ၄၅ ရာခိုင်နှုန်းသော အမေရိကန်များက အမေရိကန်အစိုးရအနေဖြင့် အီရတ်နိုင်ငံမှ မိမိတို့တပ်ဖွဲ့များကို ပြန်လည်ဆုတ်ခွာရန် အချိန်ဇယား ရေးဆွဲ လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း သဘောထားရှိသည်ကို တွေ့ကြရသည်။

သုတေသနလေ့လာရေး၏ စိစစ်မှုအရ ၄၅ ရာခိုင်နှုန်းသော ပြည်သူများက အီရတ်စစ်ပွဲကြောင့် အမေရိကန်မြေပေါ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာစေရန် အခွင့်အလမ်း ပိုမိုများပြားလာစေသည်ဟု လက်ခံထားကြကြောင်း ဖော်ပြနေသည်။ ယခင်လေ့လာမှုများပြုလုပ်စဉ်က အထက်ပါအယူအဆမျိုးရှိသူဦးရေမှာ ၃၆ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

၂၂ ရာခိုင်နှုန်းသော ပြည်သူများကသာ အီရတ်စစ်ပွဲကြောင့် အကြမ်းဖက်မှုများ သက်သာသွားရသည်ဟူသော အမြင်ကို လက်ခံကြသည်။

လေ့လာဆန်းစစ်မှုတွင် ပါဝင်ဖြေကြားသူများ၏ ၆၄ ရာခိုင်နှုန်းသော ပြည်သူများက အီရတ်စစ်ပွဲကို အောင်အောင်မြင်မြင် အဆုံးသတ်သွားစေနိုင်မည့် အစီအစဉ်မျိုး သမ္မတဘုရှ်တွင် ရှိထားမည်ဟု မယုံကြည်ကြကြောင်း ၎င်းတို့၏ အယူအဆကို ပြန်ကြားခဲ့ကြသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ လူ ၄၀ သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းရှိ ရဲစခန်း တစ်ခု အပြင်ဘက်တွင် အသေခံ ကားဗုံးပေါက်ကွဲမှု တစ်ရပ် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ရာ အီရတ်အရပ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၄၀ သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှ သတင်းများအရ သိရှိရသည်။ ဘဂ္ဂဒက်မြို့နှင့် အနီးဝန်းကျင်တွင် လွန်ခဲ့သည့် ၁၀ရက်အတွင်း အသေခံကားဗုံးပေါက်ကွဲမှု ၂၀ခန့် ဖြစ်ပွားခဲ့ရာ လူ၂၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

လက်ဘနွန်တွင် ဗုံးပေါက်ကွဲ၊ ၁၂ ဦးဒဏ်ရာရပြီး ကားသုံးစီးပျက်စီး

ဘေရွတ် (လက်ဘနွန်) ဇူလိုင် ၂၃

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် လက်ဘနွန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိချိန် နာရီပိုင်းအတွင်းမှာပင် ဘေရွတ်မြို့ လမ်းတစ်လမ်းအတွင်း၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့သည့်အတွက် လူ ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထိုဗုံးသည် လက်ဘနွန်မြို့သားများနှင့် စားသောက်ဆိုင်များ ပြည့်ကျပ်နေသော လမ်းကျဉ်းကလေးတစ်ခုအတွင်း၌ ဇူလိုင် ၂၂ ရက်နှောင်းပိုင်းတွင် ပေါက်ကွဲခြင်းဖြစ်သည်။

ပေါက်ကွဲမှုကြောင့် စားသောက်ဆိုင်များအတွင်း စားသောက်နေသူရာပေါင်းများစွာတို့ အထိတ်တလန့်ဖြစ်ခဲ့ကြသည်။ စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့တွင် ရပ်ထားသော ကားအနီးတွင် ချထားခဲ့သည့်ဗုံးမှ ပေါက်ကွဲခြင်းဖြစ်သည်။

ပေါင် ၅၀ အလေးချိန်ရှိ ဗုံးပေါက်ကွဲသည့်အတွက် ကားသုံးစီး မီးလောင်ပျက်စီးသွားပြီးလူ ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးဘက်ဆိုင်ရာနှင့် ဆေးရုံမှ အရာရှိများထံမှလာသော သတင်းကဆိုသည်။

လွန်ခဲ့သောလ အနည်းငယ်အချိန်အတွင်း လက်ဘနွန်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများ တစ်သီကြီးဖြစ်ပွားခဲ့သည်။ ယခု နောက်ဆုံးပေါက်ကွဲမှုသည် မည်သည့် ပစ်မှတ်ကို ရည်ရွယ်ကြောင်း သဲသဲကွဲကွဲ မသိရဟု သတင်းများက ဖော်ပြသည်။ ***အင်တာနက်။***

ကြေးမုံ နိုင်ငံတကာ သတင်းများ

ဗီယက်နမ်တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် တရုတ်၊ ဂျပန်နှင့် ဗီယက်နမ်စက်မှုလုပ်ငန်းများ စာချုပ်လက်မှတ်ရေးထိုး

ဟနွိုင်း ဇူလိုင် ၂၂

တရုတ်၊ ဂျပန်နှင့် ဗီယက်နမ်တို့မှ ကော်ပိုရေးရှင်းတို့သည် ဗီယက်နမ်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း ဇူလိုင်၂၁ ရက်ထုတ် ယူးဟနွိုင်းသတင်းစာကရေးသားဖော်ပြသည်။

အဆိုပါသဘောတူစာချုပ်ကို တရုတ်နိုင်ငံ ဒေါင်ဖန်းလျှပ်စစ်ကော်ပိုရေးရှင်း၊ ဂျပန်နိုင်ငံ မာရူဘီနီကော်ပိုရေးရှင်းနှင့် ဗီယက်နမ်နိုင်ငံ လျှပ်စစ်ဓာတ်အားလုပ်ငန်း (အီးဗီအီ) တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကန်ထရိုက်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၇ သန်းရှိပြီး လာမည့်လ ၄၀ အတွင်းတွင် တည်ဆောက်မှုလုပ်ငန်းကို အပြီးဆောင်ရွက်ရမည်ဖြစ်သည်။ ထိုစက်ရုံတွင် မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်ပေးနိုင်သော အပူစွမ်းအင်သုံး တာဘိုင်နှစ်လုံး တပ်ဆင်ထားမည်ဖြစ်သည်။ ထိုဓာတ်အားပေးစက်ရုံသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီ ၃ ဒသမ ၆ ဘီလီယံထုတ်လုပ်ပေးမည်ဖြစ်သည်။ စက်ရုံမှ လျှပ်စစ်ဓာတ်အားများကို ဟနွိုင်းမြို့တော် ဟိုင်ဖုန်ဆိပ်ကမ်းမြို့နှင့် နိုင်ငံ၏ မြောက်ပိုင်း ကွမ်နင်းပြည်နယ်များသို့ ပို့လွှတ်ပေးမည်ဖြစ်သည်။ စက်ရုံသည် ဟိုင်ဖုန်မြို့ မြောက်ပိုင်းတွင်တည်ရှိမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရုရှားတွင် ရထားပေါ်၌ ဗုံးပေါက်ကွဲ၊ တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

မော်စကို ဇူလိုင် ၂၄

ရုရှားနိုင်ငံ ကာဆာဗ်ယတ်မြို့မှ ခြောက်မိုင်အကွာ မာခါချကလာမြို့သို့ ဦးတည်ခုတ်မောင်းနေသော မီးရထားတစ်စင်းပေါ်၌ ဇူလိုင် ၂၄ရက် နံနက် ၅နာရီ မိနစ် ၃၀က ပြင်းထန်သော ဗုံးတစ်လုံးပေါက်ကွဲရာ ခရီးသည်တစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း မီးရထားရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူငါးဦးကို ဆေးရုံသို့ပို့စဉ် လမ်းတွင် အမျိုးသမီးတစ်ဦးသေဆုံးသွားသည်။ ဒဏ်ရာရသူများတွင် မီးရထားရဲ တစ်ဦးပါဝင်ကြောင်း၊ ဗုံးမှာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အင်တာနက်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - ပါဠိဘာသာရပ် (တတိယနှစ်-အရှေ့တိုင်းပညာ)
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ (အပိုင်း-၅)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မေးမြန်းစုံစမ်း
- ၁၉။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -ပိဋကတ်အခြေခံရင့်သန်ကျွမ်းကျင် စာတတ်စေဖို့စနစ်တကျသင်**
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၃၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ကျောက်ရေတွင်းခုံးကျော်တံတားဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်ရေတွင်း ကားလမ်း ခုံးကျော်တံတားသစ်ကြီး ဖွင့်လှစ် ရထားဖြတ်သန်းချိန် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းပေးနိုင် တံတားတည်ဆောက်မှုလုပ်ငန်းများ အချိန်လေးလဖြင့် ပြီးစီးခဲ့

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့တော်အား နိုင်ငံတကာအဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့်လျော်ညီစွာ အဆင့်မြင့်တင် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု ယခင်ကထက် ပိုမိုများပြားလာခြင်း၊ မြို့ပတ်နှင့် ဆင်ခြေဖုံးလော်ကယ်ရထားများသည် ၁၅မိနစ်တစ်ကြိမ် သွားလာနေကြ၍ ကားလမ်းကူးဂိတ်တံခါးများ ပိတ်ထားရသဖြင့် ယာဉ်များအချိန်ကြာမြင့်စွာစောင့်ဆိုင်းနေကြရခြင်းတို့မှ ကင်းဝေးစေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်ပေးလျက်ရှိသည့်အနက် ရထားလမ်းခုံးကျော်တံတားတည်ဆောက်ရန်လိုအပ်သည့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးတို့ဆုံရာ ရထားလမ်းကူးနေရာ၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ကျောက်ရေတွင်းခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ မိနစ် ၂၀တွင် အဆိုပါခုံးကျော်တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်အားပေး

ကျောက်ရေတွင်း ခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စည်တော်အကအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ စုံညီစွာ တစ်ခဲနက် တက်ရောက်အားပေးကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖွင့် အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ စီးပွားရေး အချက်အချာကျသည့် မြို့ရွာများတွင် လူနေသိပ်သည်းလာပြီး ကိုယ်ပိုင် မော်တော်ယာဉ် သုံးစွဲမှုများပြားလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာသည်ကို တွေ့မြင်နေရကြောင်း၊ ယင်းကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနေကြရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်မြို့သည် မြို့တော်ဖြစ်သည်နှင့်အညီ တစ်နေ့တခြား တိုးတက်များပြားလာသော မော်တော်ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက်လမ်းများ၊ တံတားများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ကားလမ်းနှင့် ရထားလမ်းဆုံရာနေရာများတွင် ကားလမ်းခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းတို့ဖြင့် အများပြည်သူခရီးသွားလာမှု အဆင်ပြေလွယ်ကူစေရေးကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖြေရှင်းပေးနိုင်

ယနေ့ ကျောက်ရေတွင်းခုံးကျော်တံတားကြီးကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊(မြောက်ပိုင်း)(အရှေ့ပိုင်း)နှင့် ဆိပ်ကမ်းမြို့နယ်တို့မှ လာသောယာဉ်များ ကျောက်ရေတွင်း ဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးတို့ ဆုံရာနေရာ၌ ရထားဖြတ်သန်းချိန်များ၌ လမ်းများပိတ်ဆို့ထားရမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်း၊ ခရီးသွားပြည်သူများ အချိန်ကြန့်ကြာမှု ဖြစ်ပေါ်နေခြင်းတို့ကို ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် ယင်းခုံးကျော်တံတားကြီးကို တည်ဆောက်ခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ကို လည်းကောင်း၊ အချိန်တိုအတွင်း အောင်မြင်စွာတည်ဆောက်ပေးသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း။

ရှင်းလင်းပြောကြား

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ရန်ကုန်မြို့တော်နေ ပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားက မြို့ပတ်နှင့်ဆင်ခြေဖုံးလော်ကယ်ရထားများ တစ်နေ့လျှင် ၁၄ ဆိုင်းဖြင့် ၁၆၂ ခေါက်နှုန်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ပြေးဆွဲရာတွင် မြို့ပတ်နှင့်ဆင်ခြေဖုံးလော်ကယ်ရထားများသည် ၁၅ မိနစ်လျှင်တစ်ကြိမ်နှုန်း သွားလာနေကြ၍ ရန်ကုန်မြို့တော်အတွင်း မော်တော်ယာဉ်များအနေဖြင့် ကားလမ်းနှင့်ရထားလမ်းဆုံရာများ၌ ရထားဖြတ်သန်းချိန်တွင် ဂိတ်တံခါးများ ပိတ်ထားခဲ့ရပြီး အချိန်ကြာမြင့်စွာစောင့်ဆိုင်းရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကားလမ်းကူးများအနက် ကျောက်ရေတွင်းကားလမ်းကူးနေရာ၌ ဂိတ်တံခါးကို တစ်နေ့လျှင် (၄၆)ကြိမ်ပိတ်ရပြီး တစ်ကြိမ်ပိတ်လျှင် ယာဉ်စီးရေ ၁၆၀စီးခန့် စောင့်ဆိုင်းခဲ့ရကြောင်း၊ ယနေ့တွင် ကျောက်ရေတွင်း ခုံးကျော်တံတားကြီးကို တည်ဆောက်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ်ကျောက်ရေတွင်းဘူတာ ရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးတို့ဆုံရာ ရထားလမ်းကူးနေရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်ပြီးစီးသွားသော ကျောက်ရေတွင်း ခုံးကျော်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ယာဉ်များ သွားလာရာတွင် စောင့်ဆိုင်းရန်မလိုတော့ဘဲ အချိန်ကုန်သက်သာပြီး အဆင်ပြေချောမွေ့စွာဖြင့် ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း။

လေးလကြာမြင့်ခဲ့

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျောက်ရေတွင်းခုံးကျော်တံတားကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက ၂၀၀၅ ခုနှစ် မတ်လ ၂၀ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဇူလိုင် ၂၄ရက်နေ့တွင် ပြီးစီးခဲ့သည့်အတွက် တည်ဆောက်ချိန်ကာလ လေးလကြာမြင့်ခဲ့ကြောင်း။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဖဲကြိုးဖြတ် ဖွင့်လှစ်မည့် မြောက်ဥက္ကလာဘက်အပိုင်း တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့်တစ်ပြိုင်နက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တို့က ကျောက်ရေတွင်း ခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သောကျောက်ရေတွင်း ခုံးကျော်တံတားသည်အလျား ၂၂၅၃ ပေ၊ အကျယ် ၃၆ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တစ်ဖက်တစ်ချက်စီတွင် လေးပေအကျယ် လူသွားလမ်းများပါရှိသည်။ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်ပေါင်နှင့် တံတားအောက်ထည်မှာ သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

သုံးပွင့်ဆိုင်တံတား

ခုံးကျော်တံတား၏ ရထားလမ်းကင်းလွတ်အမြင့်မှာ ၁၄ပေဖြစ်ပြီး ကားလမ်းကင်းလွတ်အမြင့်မှာ ၁၄ပေ ခြောက်လက်မဖြစ်သည်။ ခုံးကျော်တံတားသည် အင်္ဂလိပ်အက္ခရာ 'Y' ပုံသဏ္ဌာန် သုံးပွင့်ဆိုင် တံတားဖြစ်ပြီး ရန်ကုန်ဘက် ချဉ်းကပ်လမ်းအရှည် ၂၈၄ပေ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဘက် ချဉ်းကပ်လမ်းအရှည် ၁၀၄ပေနှင့် မြောက်ဥက္ကလာဘက် ချဉ်းကပ်လမ်းအရှည် ၁၈၆ ပေ ဖြစ်သည်။

အဆိုပါ ခုံးကျော်တံတားကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက ၂၀၀၅ခုနှစ် မတ် ၂၀ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဇူလိုင် ၁၈ရက်တွင် တံတားတည်ဆောက်မှုလုပ်ငန်းများ အားလုံးပြီးစီးကာ ယနေ့တွင် အများပြည်သူများအသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် (၇)လမ်းထိပ်ရှိ မကွေးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၈၄) ဓမ္မရိပ်သာကြီးတွင် (၇၂)ကြိမ်မြောက် (၁၀)ရက်စခန်းပွဲကို ဩဂုတ် ၄ရက်မှ ၁၃ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အဖွဲ့ချုပ် ဓမ္မကထိက အရှင်ပညာဝံသ ဦးစီး၍ ရွှေပေါက်ကံ အရှင်သံဝရ(ဓမ္မာစရိယ) က ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများ ကြိုတင်စာရင်းပေးသွင်းရန် နှိုးဆော်ထားသည်။

(က-ပ)

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၇)နှစ်မြောက် "ဝိဇာတမင်္ဂလာ" အခမ်းအနားနှင့် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ)သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၇)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ) ငြိမ်းချမ်းမင်္ဂလာ အထိမ်းအမှတ် သတ္တမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ် လှူဒါန်းပွဲတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၄

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၇)နှစ်မြောက် "ဝိဇာတမင်္ဂလာ" အခမ်းအနားနှင့် စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် သတ္တမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် စုံနံ့သာမြိုင်ဆွေ မြို့တော်(မြိုင်ကြီးငူအထူးဒေသ)ရှိ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလိယ၊ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၁၀၀၀တို့ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အဖွဲ့ဝင်များ၊ အလှူရှင် ရွှေသံလွင်ကုမ္ပဏီမိသားစု၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ၍ ဖွင့်လှစ်သည်။

ထို့နောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနထံမှ တိုင်းမှူးနှင့် ပရိသတ် တို့က ငါးပါးသီလ ခံယူဆောက်တည် ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာ တော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြ သည်။

ယင်းနောက် မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်း သည့် သင်္ကန်းအစုံ ၁၀၀ကို မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား လှူဖွယ် ပစ္စည်းများကို အသီးသီး ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ကရင်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက မြိုင်ကြီးငူ အခြေခံပညာ အထက်တန်းကျောင်း အတွက် စာကူးစက်တစ်လုံးကိုလည်း ကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက မြိုင်ကြီးငူဒေသရှိအခြေခံ ပညာ မူလတန်းကျောင်းများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီက လှူဒါန်းသည့် ရုပ်မြင်သံကြားစက် ငါးလုံး၊ ကျောင်းဝတ်စုံ ၁၀၀နှင့် ဗလာ စာအုပ်ဒါဇင် ၁၀၀တို့ကို လည်းကောင်း ပေးအပ်ကြရာ ဦးမန်းနေလင်းအောင်က လက်ခံသည်။

ဆက်လက်၍ အလှူရှင် ရွှေသံလွင် ကုမ္ပဏီနာယက လူမှုထူးချွန်ပထမဆင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်းနှင့်ဇနီး အဂ္ဂမဟာ သီရိ သုဓမ္မသိင်္ဂီ ဒေါ်နီနီနှင့် သားသမီးမြေး တစ်စုတို့က ငွေကျပ် ၃၄၂၀၀၀၀ တန်ဖိုး ရှိ သင်္ကန်းဒွိစုံ၁၁၀၊ ထီးအလက် ၁၀၀၀၊ ဖိနပ်အရန် ၁၀၀၀နှင့် နဝကမ္မ အလှူ ငွေကျပ် ၆၂ သိန်းတို့ကို ပေးအပ် လှူဒါန်းရာ ကရင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက လက်ခံ သည်။

ထို့နောက် ရန်ကုန်မြို့နေ မော်တော် ယာဉ်စက်ပြင်ဆရာ ဦးငြိမ်းနှင့် ဇနီး ဒေါ်မနိုင် သားသမီးတစ်စုတို့က မြိုင်ကြီး ငူတိုက်နယ်ဆေးရုံအတွက် ငွေကျပ် ၁၅၀၀၀၀နှင့် မြိုင်ကြီးငူ အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတီးဝိုင်း အတွက် ငွေကျပ် ၁၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဦးသာထူးကျော် က လက်ခံသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဇမ္ဗူကျော် ဆန်ပွဲရုံပိုင်ရှင် မန်းကျော်ဝင်းနှင့် ဇနီး ဒေါ်ညိုလေးကြည် မိသားစုက နဝကမ္မ အလှူတော်ငွေကျပ် ၁၁၈၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဦးကျော်သန်းက လက်ခံသည်။

ထို့နောက် အလှူရှင်များ၊ ဒေသခံများ က ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ၁၃၆၆ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် မြိုင်ကြီးငူ ဒေသမှ ပထမကြီးတန်းအောင် သံဃာ ခြောက်ပါး၊ ပထမလတ်တန်းအောင် သံဃာခုနစ်ပါးနှင့် ပထမငယ်တန်း အောင် သံဃာသုံးပါးတို့ ကိုယ်စား မြိုင်ကြီးငူဒေသ နန်းဦးဘေးမဲ့ကျောင်း တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တကုသလ ထံ ဆုများကို ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက ၂၀၀၄ ခုနှစ်နှင့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် အောင်မြင်ခဲ့ ကြသည့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်မြင်သူ သုံးဦး၊ အဘိဓမ္မာ ဂုဏ်ထူးတန်း အောင်မြင်သူတစ်ဦးနှင့် အဘိဓမ္မာရိုးရိုး တန်းအောင်မြင်သူ ရှစ်ဦးတို့ကိုယ်စား သင်တန်းသူနန်းစိန်မြတင်အား ဂုဏ်ပြု ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အသက်(၁၅-၂၀)နှစ် အမျိုးသားအက ပြိုင်ပွဲတွင် ဒုတိယဆုရ စောထက်ရှိုင်း၊ အသက်(၁၀-၁၅)နှစ် အမျိုးသားအက ပြိုင်ပွဲတွင် တတိယဆုရ စောထွန်းထွန်း လင်း၊ အဆင့်မြင့် အမျိုးသားအကပြိုင်ပွဲ တွင် ဒုတိယဆုရ စောစိုင်းလင်းအောင်၊ အဆင့်မြင့် မဟာဂီတ အဆိုပြိုင်ပွဲတွင် အထူးဆုရ စောစိုင်းလင်းအောင်နှင့် ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲတွင် အထူးဆုရ စောစံအေးတို့ကိုယ်စား အဖွဲ့ခေါင်းဆောင် စောချစ်သန်းအား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာတရား ဟောကြားတော်မူပြီး တိုင်းမှူးနှင့်အဖွဲ့ ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် အလှူရှင် ရွှေသံလွင်ကုမ္ပဏီမိသားစုက အလှူ မင်္ဂလာပွဲသို့ ကြွရောက်တော်မူလာကြ သောသံဃာတော်များ၊ ရှင်သာမဏေ များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

မြိုင်ကြီးငူဆရာတော်၏ (၅၇)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူ အထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် သတ္တမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသည့် သင်္ကန်းအစုံ ၁၀၀ကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ပြည့်စုံ-ပန်းပေါင်းခမ္မာရုံ ရတနာအုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

အလှူရှင် ပြည့်စုံဝင်းနိုင် မိသားစုကုမ္ပဏီနှင့် (359) Group International Co., Ltd. မိသားစုတို့က မွမ်းမံတည်ဆောက်လှူဒါန်းမည့် "ပြည့်စုံ-ပန်းပေါင်းခမ္မာရုံ ရတနာအုတ်မြစ်တော်စီ" မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရာဟုထောင့် အလယ်ပစ္စယာ၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ပရိကမ္မမင်္ဂလာအခမ်းအနားကို ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနရုံး၌ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့၏ သြဝါဒါစရိယဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည် ကြ၍ **(အပေါ်ပုံ)** ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာကြားကြသည်။ ယင်းနောက် ဆရာတော်များထံ အလှူရှင်မိသားစုတို့က ရတနာရွှေကြုတ်နှင့် ရတနာအုတ်မြစ်တော်များ၊ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ပြည့်စုံ-ပန်းပေါင်းခမ္မာရုံ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကိုကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြ၍ ရတနာရွှေကြုတ်နှင့် ရတနာအုတ်မြစ်တော်များကို မြှုပ်နှံပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။ (သတင်းစဉ်)

လက်နက်များအပ်နှံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ SSNA တပ်မဟာ (၆)မှ ဒုတိယတပ်မဟာမှူးအဆင့်ရှိသူ ဦးစိုင်းကူ၊ တပ်ရင်းမှူး အဆင့်ရှိသူများဖြစ်ကြသော ဦးခွန်ဆစ်ညို၊ ဦးလောက်လျှမ်း၊ ဦးအိုက်ပွဲနှင့် ဦးစိုင်းလူ၊ ဒုတိယတပ်ရင်းမှူး အဆင့်ရှိသူ ဦးစိုင်းစု၊ SSA ခွဲထွက်အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိသူ ဦးစိုင်းရီတို့က လက်နက်များ အပ်နှံကြစဉ်။ (အပေါ်ပုံများ) (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ဂုဏ်ပြုလက်ဆောင် ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က SSNA တပ်မဟာ (၆)မှ ဒုတိယတပ်မဟာမှူးအဆင့်ရှိသူ ဦးစိုင်းကူ၊ တပ်ရင်းမှူးအဆင့်ရှိသူများဖြစ်ကြသော ဦးခွန်ဆစ်ညို၊ ဦးလောက်လျှမ်း၊ ဦးအိုက်ပွဲနှင့် ဦးစိုင်းလူ၊ ဒုတိယတပ်ရင်းမှူးအဆင့်ရှိသူ ဦးစိုင်းစု၊ SSA ခွဲထွက်အဖွဲ့မှ ခေါင်းဆောင် ဦးစိုင်းရီတို့အား ဂုဏ်ပြုလက်ဆောင်ခြင်းများ ပေးအပ်စဉ်။ (အပေါ်ပုံများ)

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က SSNA တပ်မဟာ (၆)မှ ဒုတိယတပ်မဟာမှူးအဆင့်ရှိသူ ဦးစိုင်းကူနှင့် SSA ခွဲထွက်အဖွဲ့မှ ခေါင်းဆောင် ဦးစိုင်းရီ၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးကန်နနှင့် ဦးဂုဏ်ခေး၊ ပလောင်တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းတို့အား နိုင်ငံတော်က တပ်ဖွဲ့ဝင်တစ်ဦးချင်းအတွက် ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေများအား ပေးအပ်စဉ်။ (အပေါ်ပုံများ) (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မန်တုံဒေသမှ ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်း၊ ဆယ်အူ/ကွန်ကောက်ဒေသမှ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးဂုဏ်ခေးနှင့် မုံးရင်ဒေသမှ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းကူတို့အား တစ်ဖွဲ့လျှင် ဝက်သားပေါက်ငယ် အကောင် ၅၀စီနှင့် တစ်လစာ အစာအိတ်များ ပေးအပ်စဉ်။ (အပေါ်ပုံများ) (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

လက်နက်ကိုင်လမ်းစဉ် မှားယွင်းနေပြီလို့ စဉ်းစားမိခဲ့တဲ့အတွက် ငြိမ်းချမ်းရေးနဲ့လက်နက်လဲလှယ်ခဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေတာကို တွေ့မြင်နေရ ယခုကဲ့သို့ လက်နက်ကို အပြီးအပိုင်စွန့်လွှတ်အပ်နှံခဲ့တာဟာ ဘယ်သူ့ရဲ့တိုက်တွန်းမှုမှမပါ

ရန်ကုန် ဇူလိုင် ၂၄

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနားတွင် SSNA တပ်မဟာ(၆)မှ တပ်ရင်း(၁၀၃) တပ်ရင်းမှူး ဦးခွန်ဆစ်ညိုက မိမိတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝငြိမ်းချမ်းရေးနှင့် လက်နက်များ လဲလှယ်ရခြင်း အကြောင်းရင်းနှင့် ကျေးဇူးတင်စကားကို ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် ပြောကြားခဲ့ပြီး တအမ်းပလောင် တိုင်းရင်းသူ မလွေးတင်တင်ကြည်က မြန်မာဘာသာ ပြန်ဆိုပြောကြားခဲ့သည်။ အဆိုပါပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

SSNA တပ်မဟာ(၆)မှ တပ်ရင်းမှူးအဆင့်ရှိသူ ဦးခွန်ဆစ်ညိုက ၎င်းတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး ဥပဒေဘောင်အတွင်း ထာဝရငြိမ်းချမ်းရေး ရယူခြင်း အကြောင်းရင်းနှင့် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်တော်ကတော့ ရှမ်းပြည်အမျိုးသားတပ်မတော် တပ်မဟာ(၆) တပ်ရင်း(၁၀၃)မှ တပ်ရင်းမှူး ခွန်ဆစ်ညိုပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ လဲချားမြို့နယ် ဝမ်ထီရွာမှာ မွေးဖွားခဲ့ပါတယ်။ ငယ်စဉ်အချိန်က သောင်းကျန်းသူများရဲ့ အဖျက်အမှောင့်လုပ်ငန်းတွေကြောင့် ဒေသဖွံ့ဖြိုးမှုမရှိ၊ ကျီးလန့်စာစားနေရပြီး ကျောင်းပညာ မသင်ကြားခဲ့ရပါဘူး။

၁၉၈၉ခုနှစ် ကျွန်တော့်အသက် (၂၃နှစ်)မှာ MTAအဖွဲ့က အဓမ္မလူသစ်စုဆောင်းရာမှာ ပါသွားခဲ့ပြီး ဟိုမိန်းမှာ သင်တန်းငါးလ တက်ခဲ့ရပါတယ်၊ အဲဒီနောက် လွယ်လန်း နယ်မြေတွင်လှုပ်ရှားပြီး ၁၉၉၅ခုနှစ်တွင် အီနိုင်းလုံ နယ်မြေသို့ ရောက်ရှိခဲ့ပါတယ်။

၁၉၉၆ခုနှစ်မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး SSNA တပ်မဟာ(၆)မှာ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ခဲ့တယ်ဆိုပေမယ့် SSNA ခေါင်းဆောင်ပိုင်း လူကြီးများ အလိုအတိုင်း ပြည်သူလူထုထံမှ အခွန်အခဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ပေးခဲ့ရပါတယ်။

ကျွန်တော်တို့ ကိုင်ဆောင်ထားတဲ့ လက်နက်များရဲ့ အရှိန်အဝါနဲ့ ပြည်သူလူထုရဲ့ ချွေးနဲ့စာကို အဓမ္မယူပြီး ပြည်သူအများ ဒုက္ခခံစားစေခဲ့ရပါတယ်။ ပြည်သူလူထုက ရွံ့ကြောက်၍ပေးခဲ့တဲ့ ဆက်ကြေးငွေများကို စုဆောင်းပြီး SSNA ခေါင်းဆောင်များထံ အပ်နှံပေးခဲ့ရပါတယ်။

စာနာနားလည်ခဲ့

ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ကို စေတနာရှိလို့ အခွန်အခများ ပေးတာမဟုတ်ပါဘူး။ လက်နက်ကိုင်စွဲထားလို့ ကြောက်ရွံ့ပြီး မုန်းတီးငြိုငြင်မှုနဲ့ ပေးတယ်ဆိုတာကိုလည်း ကျွန်တော်တို့အနေနဲ့သိရှိပြီး ပြည်သူတွေအပေါ် စာနာနားလည်ခံစားခဲ့ပါတယ်။ မိမိတို့ရဲ့ မှားယွင်းတဲ့ လုပ်ဆောင်မှုအပေါ်မှာလည်း လိပ်ပြာမသန့်ဖြစ်ပြီး ရှက်ကြောက်လာမိပါတယ်။

ကျွန်တော်တို့အရင် လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်ခဲ့တဲ့ SSNA တပ်မဟာ (၁၁)မှ ဦးကန်နအဖွဲ့၊ တပ်မဟာ (၁၉)မှ ဦးဂုဏ်ခေးအဖွဲ့၊ PSLA မှ ဦးအိုက်မုန်းအဖွဲ့တို့ရဲ့ ရဲရင့်မှန်ကန်တဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ရပ်တွေကြောင့် ပြည်သူလူထုအနေနဲ့ ယခင်ကလို ဆက်ကြေးငွေနဲ့ အခွန်အခများ မပေးရတော့ဘဲ ဒေသအတွင်း အေးအေးချမ်းချမ်း နေထိုင်ရတာကို တွေ့မြင်လာရပါတယ်။

ဒါ့အပြင် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များက ဥပဒေဘောင်အတွင်း ဝင်ရောက်လာလို့ တည်ငြိမ်အေးချမ်းမှုရှိနေတဲ့ ဒေသတိုင်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတွေ၊ လယ်ယာတွေ၊ ဆည်မြောင်းတွေ၊ လျှပ်စစ်စက်ရုံတွေ တည်ဆောက် အကောင်အထည်ဖော်ပေးခဲ့လို့ တိုးတက်စည်ပင်ခဲ့တာကို မယုံကြည်နိုင်လောက်အောင် မျက်မြင်တွေ့နေရပြီ ဖြစ်ပါတယ်။

လိုလားတောင့်တခဲ့

ကျွန်တော်တို့ လက်နက်များ စွဲကိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ ကျွန်တော်တို့ လိုလားတာတွေကတော့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာတာကို လိုလားတောင့်တခဲ့ပါတယ်။ ဒီလိုဆန္ဒရှိခဲ့သော်လည်းပဲ ထိုစဉ်က တိုင်းပြည်ကို တာဝန်ယူခဲ့တဲ့ အစိုးရအဖွဲ့များအနေနဲ့ ကျွန်တော်တို့ လိုလားတောင့်တခဲ့တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို ဆောင်ရွက်ပေးဖို့ အားနည်းခဲ့ပါတယ်။ ဒါ့ကြောင့် လူမျိုးရေးစိတ်၊ ဒေသစွဲစိတ်တွေနဲ့ အယူအဆမှားယွင်းစွာ လက်နက်ကို စွဲကိုင်ခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိတပ်မတော်အစိုးရကာလမှာ ဒေသဖွံ့ဖြိုးရေးကို ကျေးလက်ပါမကျန်အောင် စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ လျှပ်စစ်မီးတွေ၊ လမ်း၊ တံတားတွေ စတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးနေတာတွေကို ကျွန်တော်တို့ မြင်တွေ့ခံစားနေရပါတယ်။ ဒါကြောင့် လက်နက်ကိုင်လမ်းစဉ်ဟာ မှားယွင်းနေပြီလို့ စဉ်းစားမိခဲ့တဲ့အတွက် ငြိမ်းချမ်းရေးနဲ့လက်နက် လဲလှယ်ခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ လက်နက်ကိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ တပ်ဖွဲ့ဝင်အားလုံးရဲ့ စားဝတ်နေရေး အခက်အခဲများအတွက် ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံ ရပ်တည်ခဲ့ရပါတယ်။ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေး ဦးတည်ချက် ရှိခဲ့သော်လည်း လူထုထံမှ ဆက်ကြေးကောက် စားသုံးနေရပြီး လူထုရဲ့အကျိုးကို မဆောင်ရွက်နိုင်ခဲ့ပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေတာကို တွေ့မြင်သိရှိနေရပါတယ်။

SSNA တပ်မဟာ(၆)မှ တပ်ရင်းမှူးအဆင့်ရှိသူ ဦးခွန်ဆစ်ညို ရှမ်းတိုင်းရင်းသားဘာသာဖြင့် ပြောကြားသည့် ကျေးဇူးတင်စကားကို ပလောင်တိုင်းရင်းသူ မလွေးတင်တင်ကြည်က မြန်မာဘာသာပြန်ဆို၍ ပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်တော်တို့ကြောင့် လူထုမှာ ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေတာတွေ့ရလို့ အပြီးအပိုင်ငြိမ်းချမ်းရေးနဲ့လက်နက် လဲလှယ်ပြီး လူထုအကျိုးကို ရှေးရှုပြီး လက်နက်များ စွန့်ခဲ့ခြင်းဖြစ်ပါတယ်။

ရှက်ရွံ့အားနာ

ကျွန်တော်တို့ လက်နက်စွဲကိုင်ထားတဲ့ ကာလတစ်လျှောက်လုံး လူထုထံမှ အခွန်အခဆက်ကြေးငွေ ကောက်ခံစားသောက်ခဲ့ရပါတယ်။ ဆက်ကြေးငွေပေးနေရတဲ့လူထုနဲ့ နေ့စဉ်ထိတွေ့ဆက်ဆံနေရပါတယ်။ ထိတွေ့ဆက်ဆံနေရတဲ့ သူတွေကလည်း တိုင်းရင်းသားသွေးရင်းများဖြစ်တဲ့အတွက် သူတို့အပေါ် ရှက်ရွံ့အားနာမှုကို ကိုယ်တိုင်ခံစားလာရပါတယ်။ ပြည်သူလူထုကလည်း ဆက်ကြေးငွေများ၊ ဆန်စပါးများပေးကမ်းနေရတာကို စေတနာမရှိနိုင်တာကိုလည်း နားလည်ခံစားလာခဲ့ရပါတယ်။ ဒါ့ကြောင့် ပြည်သူ့မျက်နှာ ထောက်ထားညာတာပြီး၊ ပြည်သူ့မျက်နှာ ထောက်ထားစာနာပြီး မိဘပြည်သူတို့၏ ဆန္ဒနှင့်အညီ လက်နက်စွန့်ဖို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပါတယ်။

ယခုကဲ့သို့ လက်နက်ကိုအပြီးအပိုင် စွန့်လွှတ်အပ်နှံခဲ့တာဟာ ဘယ်သူ့ရဲ့ တိုက်တွန်းမှုမှမပါဘဲ ကျွန်တော်တို့ ညီအစ်ကို တပ်ဖွဲ့ဝင်အားလုံးရဲ့စိတ်မှာ ခံစားနားလည်လာတာကြောင့် တစ်စုတည်းဝင်လာခဲ့ခြင်းဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်အားလုံး ခံယူချက်အရ ကိုယ်တိုင်သိမြင်ခံစားပြီး ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

ထင်ထင်ရှားရှားသိမြင်နိုင်

လက်နက်စွဲကိုင်ပြီး အတွေးအမြင် အမှားများနှင့် လုပ်ဆောင်မှုအပေါ်မှာ မည်သူကမျှ ကြိုက်နှစ်သက်မှာ မဟုတ်ပါဘူး၊ မိဘဆွေမျိုးများကလည်း မကြိုက်ပါဘူး၊ မိမိဇနီးသည်နှင့် မိသားစုတွေကလည်း မကြိုက်ပါဘူး၊ တိုင်းရင်းသားပြည်သူများကလည်း မကြိုက်ပါဘူး၊ ရဟန်းသံဃာတော်များလည်း မနှစ်သက်ဘူးဆိုတာ ထင်ထင်ရှားရှား သိမြင်နိုင်ပါတယ်။

လူထုမှာလည်း အဆိုးအကောင်း အမှားအမှန်ကို ဝေခွဲသိရှိလာတဲ့အတွက် ကျွန်တော်တို့ကို လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ဖို့ အပြည့်အဝ ကြိုဆိုကမ်းလှမ်းခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အမှားတွေကို ခွင့်လွှတ်နားလည်ပေးတဲ့ မိဘပြည်သူများရဲ့ကျေးဇူးကို မပြောပြတတ်အောင် ခံစားရပါတယ်။

ယခုလို လက်နက်စွန့်အပ်နှံရခြင်းဟာ မိမိကိုယ်တိုင် အသိမှန်၊ အမြင်မှန် ရရှိလာခြင်း၊ ပြည်သူ့ဆန္ဒအမှန်ကို နားလည်လာခြင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်၏ စေတနာအမှန်ကို ကိုယ်တိုင်သိမြင် ခံစားလာရခြင်း၊ မိမိတို့ ကိုယ်တိုင် တစ်ဦးချင်း လက်နက်ကိုင်စွဲထားခြင်းဟာ ပြည်သူ့အတွက်ရော၊ မိမိတစ်ဦးချင်းအတွက်ရော အကျိုးမရှိခြင်း၊ ပြည်သူနဲ့ ဒေသအပေါ်ကိုလည်း ဝန်ထုပ်ဝန်ပိုးသာ ဖြစ်စေကြောင်း လေးလေးနက်နက် ယုံကြည်လာခဲ့ပြီး အမြင်မှန်ရလာတဲ့အတွက် မိမိတို့ဆန္ဒအလျောက် ခိုင်မာစွာဆုံးဖြတ်ပြီး လက်နက်စွန့်လွှတ်အပ်နှံရခြင်း ဖြစ်ပါတယ်။ မိမိတို့ တစ်ဦးချင်းအပေါ်မှာသော်လည်းကောင်း၊ အဖွဲ့အပေါ်မှာသော်လည်းကောင်း၊ နိုင်ငံတော်အနေနဲ့ တစ်စုံတစ်ရာ အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း လုံးဝမရှိဘဲ ကိုယ်တိုင်ဆုံးဖြတ်ချက်နဲ့ ပြည်သူ့ဆန္ဒနှင့်အညီ လက်နက်စွန့်လွှတ် အပ်နှံခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဘယ်လိုမှ မငြင်းနိုင်

ထိုမျှမက ထာဝရငြိမ်းချမ်းရေးနှင့်လက်နက် လဲလှယ်ပွဲတွေကို လူထုအနေဖြင့် တစ်ခဲနက် ကြိုဆိုခဲ့ခြင်းများ၊ နိုင်ငံတော်အစိုးရမှ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ကြီးမားတဲ့မေတ္တာဖြင့် စစ်မှန်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စေတနာအရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခြင်းများဟာ ဘယ်လိုမှ မငြင်းနိုင်တဲ့ အရှိတရားတွေ ဖြစ်ပါတယ်။

အထက်ပါ အချက်တွေကို ပကတိအမြင်နဲ့ သံသယစိတ်ကင်းစွာ ရှုမြင်ပြီး ကျွန်တော်တို့အဖွဲ့ဟာ တစ်ချိန်က မှားယွင်းတဲ့ လုပ်ရပ်တွေအပေါ် အချိန်မီ ရဲရဲရင့်ရင့် ပြုပြင်ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

အခုလို အမှန်တရားကိုရှုမြင်ပြီး ရဲရဲရင့်ရင့် ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့တဲ့ ကျွန်တော်တို့အဖွဲ့ကို လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုခဲ့တဲ့ ပြည်သူလူထုကိုလည်းကောင်း၊ နွေးထွေးစွာကြိုဆိုပြီး လိုအပ်တာတွေ ထောက်ပံ့ကူညီပေးတဲ့ နိုင်ငံတော်အစိုးရကိုလည်းကောင်း အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအားလုံးအနေနဲ့လည်း ဒေသတည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူတို့နဲ့အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ကာယဗလလေ့ကျင့်နည်းစနစ် (အပိုင်း–၁)
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဝါဆိုခြင်းပွဲတော်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ရှုချင်စရာ မျက်လှည့်ပဒေသာ (အပိုင်း–၃)
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ကြိုးပန်းချီ
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ကျန်းမာရေးအတွက် သန့်(၄)သန့် (အပိုင်း–၃)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ စန္ဒရားချစ်ဆွေ (အပိုင်း–၂)
၁၀း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀	ကျေးပင်အက်ရေလှောင်တမံ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နာတာရှည်အတက်ရောဂါ (သို့) ဝက်ရူးပြန်ရောဂါ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းအား နိုင်ငံတော်မှထောက်ပံ့ပေးအပ်သော လယ်ထွန်စက် ငါးစီး၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးကန်နအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော လယ်ထွန်စက်သုံးစီးတို့ကို ပေးအပ်စဉ်။ (အပေါ်ပုံ၊ ဝဲပုံနှင့် ယာပုံ)
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ကိုယ့်ရပ်ကိုယ့်ရွာ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဥပဒေမဲ့ ကိုင်ဆောင်ထားကြတဲ့လက်နက်တွေကို စွန့်လွှတ်အပ်နှံ ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်အရောက် အမြန်လျှောက်လှမ်း

ရန်ကုန် ဇူလိုင် ၂၄

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ဒေသခံရှမ်းတိုင်းရင်းသူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အစိုးရနည်းပညာကောလိပ် မြို့ပြဌာန(ဒုတိယနှစ်) ကျောင်းသူ မနန်းခိုင်အေးချမ်းက ဦးစိုင်းကူနှင့် ဦးစိုင်းရီတို့အဖွဲ့များအား ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ အဆိုပါပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်မကတော့ လားရှိုးမြို့ အစိုးနည်းပညာကောလိပ်၊ မြို့ပြဌာန(ဒုတိယနှစ်) ကျောင်းသူ မနန်းခိုင်အေးချမ်း ဖြစ်ပါတယ်ရှင်။ ကျွန်မအတွက် ဒီမြေဒီရေ ဒီဒေသမှာ မွေးဖွားကြီးပြင်း လူလားမြောက်လာခဲ့တဲ့ သက်တမ်းတစ်လျှောက် ငြိမ်းချမ်းလာတဲ့ ဒီနေ့လိုမျိုး ဝမ်းသာပီတိဖြစ်ရတဲ့နေ့၊ မင်္ဂလာအရှိဆုံးနေ့၊ အပျော်ရွှင်ရဆုံးနေ့ရက်မျိုး မကြုံခဲ့ဖူးပါ။ ကျွန်မလိုပဲ တိုင်းရင်းသား မိဘပြည်သူတွေ အပျော်ကြီးပျော်နေကြမယ်ဆိုတာ တထစ်ချ ယုံကြည်နေပါတယ်ရှင့်။

ကျွန်မတို့ရဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြတဲ့ SSNA တပ်မဟာ(၆) ဦးစိုင်းကူအဖွဲ့၊ SSA ခွဲထွက် ဦးစိုင်းရီအဖွဲ့တို့ရဲ့ ငြိမ်းချမ်းရေးနဲ့ လက်နက်စွန့်လွှတ်အပ်နှံပွဲအခမ်းအနားမှာ ဒေသခံပြည်သူများကိုယ်စား ဝမ်းမြောက်ပီတိဖြစ်ရမှု ရင်တွင်းခံစားချက်များကို ထုတ်ဖော်ပြောခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဒေသခံ ရှမ်းတိုင်းရင်းသူ မနန်းခိုင်အေးချမ်းက ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြူတိမ်ကင်းစင်

ကျွန်မတို့ မိဘပြည်သူများဟာ ရေးပဝေသဏီကပင် အေးချမ်းစွာ အတူတကွ နေထိုင်လာခဲ့တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်း မှီတင်းနေထိုင်ကြပြီး ကိုလိုနီအမွေဆိုးကြောင့် ရှမ်းတိုင်းရင်းသားအချို့ဟာ ယုံကြည်ချက်၊ ခံယူချက်လွဲမှားပြီး လက်နက်ကိုင်ဆူပူထကြွခဲ့ခြင်းကြောင့် ပူပင်သောက၊ စိုးရိမ်ထိတ်လန့်၊ ဝမ်းနည်းပူဆွေးခဲ့ရမှုတွေဟာ ယနေ့တပ်မတော် အစိုးရလက်ထက်မှာ ကင်းစင်လာပြီး၊ ပြည်သူတွေဘဝ လုံခြုံနွေးထွေးမှုရရှိလာပြီဖြစ်ပါတယ်ရှင့်။ မိုးကောင်းကင်မှာ မြူတိမ်ကင်းစင်တဲ့ လဝန်းကြီးပမာ အေးချမ်းသာယာလာပါပြီရှင်။

ဟိုတစ်ချိန်က စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးတွေကို ဘာတစ်ခုမျှ လွတ်လွတ်လပ်လပ် မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။ မတည်ငြိမ် မအေးချမ်းတဲ့ ကျွန်မတို့ဒေသမှာ သေနတ်သံ၊ ဗုံးသံတွေကြားထဲက စားဝတ်နေရေးအတွက် စိုက်ပျိုးရေးတွေကိုလည်း ကြိုးလန့်စာစား လုပ်ကိုင်ခဲ့ရပါတယ်။ အသီးအပွင့်အကျိုးရလဒ်တွေကိုလည်း ပြည့်ပြည့်ဝဝမခံစားရဘဲ ကျွန်မတို့ရှမ်းရိုးရာ ဆိုရိုးစကားလေးတစ်ခုဖြစ်တဲ့ "တစ်မူးရလို့ တစ်ပဲလျှ ဒို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဆိုတဲ့စကားနှင့် လားလားမျှမဆိုင်တဲ့၊ စေတနာမပါတဲ့ ပေးခြင်းမျိုးနဲ့ ချွေးနဲ့စာများကို ဆက်ကြေးပေးခဲ့ရပါတယ်ရှင့်။ ပြည်နယ်ကျဉ်းကျဉ်းလေးမှာ ဘာတပ်ဖွဲ့၊ ညာတပ်ဖွဲ့များ အမျိုးမျိုးဖွဲ့စည်းပြီး သူတစ်လူငါတစ်မင်း၊ သူ့နယ်၊ ကိုယ့်နယ်ခွဲခြား ဆက်ကြေးများကိုသာ ကောက်ခံခဲ့ပြီး ဒေသအကျိုး လုံးဝမပြုခဲ့ဘဲ လက်နက်ကြီးငယ်သံများနှင့်သာ ဆူညံနေခဲ့ကြရပါတယ်ရှင့်။

စားဝတ်နေရေး အဆင်မပြေတော့ လူမှုရေး၊ ကျန်းမာရေးသာမက ပညာရေးအတွက် ဘုန်းကြီးကျောင်းများသာ အားကိုးခဲ့ရတာ ပြည်သူများ အသိပါပဲ။ ငယ်ရွယ်ချိန် အတတ်ပညာ မသင်ရတဲ့အပြင် အရွယ်ရောက်ရင်လည်း ပုန်းရှောင်မရတဲ့ တောတွင်းတပ်ဖွဲ့ဝင်အဖြစ် တောထဲတောင်ထဲမှာပဲ နှစ်ပေါင်းများစွာ နစ်မြုပ်နေခဲ့ကြရပါတယ်။ ကင်းလွတ်မလားဆိုပြီး သာသနာဘောင်အတွင်း သင်္ကန်းဝတ်နေတာတောင် အလွတ်မပေးခဲ့ပါဘူး။ ယောက်ျားလေးမရှိတဲ့ အိမ်ထောင်စုတောင် လူသစ်မပေးနိုင်ရင် အခကြေးငွေတွေ ပေးဆောင်နေရတဲ့အတွက် ဘယ်လိုမှရပ်တည်နိုင်မှု မရှိခဲ့ရပါဘူးရှင့်။

လက်ရှိနိုင်ငံတော် အစိုးရလက်ထက်မှာ စိတ်ရင်းစေတနာမှန်မှန်နဲ့ တိုင်းရင်းသားများအကျိုးကို အလေးထားပြီး ညီညွတ်စွာ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဗုံးသံ၊ သေနတ်သံတွေဟာ မကြားရသလောက်ဖြစ်ခဲ့ပါတယ်။ ယခင်ထက် စိတ်လက်ချမ်းသာမှု ရရှိခဲ့ကြရပါတယ်။ ဒါပေမယ့် အချို့မှာတော့ အနည်းငယ် ဆက်ကြေးအခွန်အခများ ပေးနေရဆဲပဲ ဖြစ်နေပါတယ်ရှင့်။ ဒါကိုလည်း တဖြည်းဖြည်း တိုင်းရင်းသားညီနောင်များစေတနာကို နားလည်လာပြီး အေးချမ်းလာတော့မယ်ဆိုတာ ကျွန်မနှင့်တကွ ပြည်သူအားလုံး ယုံကြည်နေပါတယ်ရှင့်။

ယခုဆိုရင် ကျွန်မတို့ ဒေသတွင်းမှ ဦးကန်န၊ ဦးအိုက်မုန်း၊ ဦးဂုဏ်ခေး၊ ဦးစိုင်းကူနဲ့ ဦးစိုင်းရီတို့ ဦးစီးတဲ့ ယခင်က နိုင်ငံတော်အပေါ် သံသယစိတ်များစွာနဲ့ လက်နက်တွေစွဲကိုင်ခဲ့တဲ့ အဖွဲ့တွေဟာ လက်နက်တွေ အပြီးစွန့်လွှတ်အပ်နှံခဲ့ကြလို့ ပြည်သူထဲက ပြည်သူအဖြစ် ရပ်တည်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်နေကြလို့ ဆယ်အူ၊ ကွန်ကောက်၊ မုံးယော်-မုံးကျက်၊ မန်တုံ-နမ့်ပေါင်၊ မုံးရင်-မုံးပါး၊ မူဆယ်-နမ့်ခမ်း ဒေသတွေက ပြည်သူတွေဟာ ဘယ်လောက်များ ဝမ်းသာကြတယ်ဆိုတာ ပြောမယုံတကယ်ကြုံမှ သိရပါတယ်ရှင့်။

ယခင်က ကြိုးလန့်စာစားနေရတဲ့ ရွာလေးတစ်ရွာဟာ မိုးချုပ်မီးမှိတ် နေကြရပေမယ့် ယခုတော့ တောင်ယာကအပြန် သီချင်းသံတွေနဲ့ လရောင်အောက်မှာ ဆော့ကစားသံတွေ၊ ညဦးချိန်တညံညံနဲ့ စာဖတ်သံတွေ၊ မိသားစု ထမင်းဝိုင်းရဲ့ ကြည်နူးသံတွေ၊ အိုးစည်ဗုံမောင်းသံ တညံညံ အလှူပွဲသံတွေ ကြားနေရပြီ ဖြစ်ပါတယ်ရှင့်။

ဝါဒဖြန့်ထိုးနှက်

ဒီလိုအရှိန်အဟုန်နဲ့ အေးချမ်းလာနေတဲ့ ကျွန်မတို့ရဲ့အမိမြန်မာပြည်ကြီးကို သူတို့အလိုကျ အစိုးရဖြစ်မလာတဲ့အတွက် နည်းအမျိုးမျိုးနဲ့ ဝါဒဖြန့် ထိုးနှက်လျက်ရှိတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်ရှင့်။ ယနေ့ကမ္ဘာပေါ်မှာ အင်အားကြီးနိုင်ငံအချို့က သူတို့ရဲ့နိုင်ငံတွေ အကြမ်းဖက် ဗုံးဖောက်ခွဲခံရတာကျတော့ ဆတ်ဆတ်ထိမခံ အကြမ်းဖက်ဝါဒ ရှုတ်ချခဲ့ကြတယ်။ ဥရောပတိုက်ကြီးတစ်ခုလုံးကိုလည်း စည်းလုံးညီညွတ်ရေး(EU)အဖွဲ့ ဖွဲ့စည်းခဲ့ကြတယ်။ ကျွန်မတို့နိုင်ငံကြတော့ တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင်၊ သွေးခွဲသပ်ချိုးပြီး ပြည်ထောင်စုကြီး ပြိုကွဲအောင် မြေပေါ်မြေအောက် အဖျက်သမားများကို အားပေးအားမြှောက်ပြုနေကြတာဟာ သူတို့ရဲ့ စေတနာတွေလားလို့ မေးလိုက်ချင်ပါတယ်ရှင့်။

ယနေ့ နိုင်ငံတော်အစိုးရ တာဝန်ကိုယူထားတဲ့ တပ်မတော်ဟာ အမိအဖကဲ့သို့ စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်နေတဲ့အချိန်မှာ တိုင်းရင်းသားပြည်သူများ ဒုက္ခရောက်အောင် အကြမ်းဖက်လုပ်ငန်းများ လုပ်ပါ့မလားရှင်၊ နောက်ပြီး ကျွန်မတို့နိုင်ငံ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ ချီတက်နေတဲ့အချိန်မှာ ငြိမ်းချမ်းရေးအဖွဲ့များကို တပ်မတော်က ဖိအားပေးပြီး လက်နက်အပြီးအပိုင် စွန့်လွှတ်ရေးလုပ်ဆောင်နေတယ်ဆိုတဲ့ အဖျက်အမှောင့်သမားများရဲ့လုပ်ကြံစွပ်စွဲချက်ဟာလည်း လုံးဝမမှန်ပါဘူးရှင့်။

မျက်မြင်တွေ့ရှိခံစားရ

ငြိမ်းချမ်းရေးအဖွဲ့များဟာ တပ်မတော်နဲ့ပြည်သူလက်တွဲပြီး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းများကို တွေ့မြင်ခြင်း၊ သူတို့ရဲ့လက်နက်ကိုင်ဘဝတစ်လျှောက်မှာ မိဘပြည်သူတွေဒုက္ခရောက်ခံစားနေခဲ့ကြတာတွေအပေါ် ကိုယ်တိုင်နားလည်စာနာပြီး နောင်တရရှိလာခြင်း၊ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသအစွန်အဖျား နယ်မြေတွေမကျန် လမ်းတံတားကြီးများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးရုံများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆည်မြောင်းတာတမံများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ခေတ်မီအဆောက်အအုံများ၊ တိုင်းရင်းသားများအပေါ် မှန်ကန်သောစေတနာဖြင့် နေ့မနားညမအား ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များကို မျက်မြင်တွေ့ရှိခံစားနေရပြီး မိမိတို့စိတ်ဆန္ဒအလျောက် လက်နက်ကိုင်လမ်းစဉ်များကို စွန့်လွှတ်ခဲ့ခြင်းဖြစ်တယ်ဆိုတာ ကြွရောက်လာသော မိဘပြည်သူတစ်ရပ်လုံး အသိဆုံးပဲဖြစ်ပါတယ်ရှင့်။

အေးချမ်းနေပြီ

ကျွန်မတို့ မူဆယ်၊ နမ့်ခမ်း၊ သိန္နီ၊ နမ္မတူ၊ မန်တုံဒေသဟာ အေးချမ်းနေပါပြီ၊ ဒီမြေ ဒီဒေသအပေါ် လွှမ်းခြုံထားတဲ့ တိမ်ညိုမည်းတွေကင်းစင်ပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ သမိုင်းတစ်ခေတ် ဆန်းသစ်တဲ့နေ့ကို ကျွန်မတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ မိဘပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်ခြင်းအင်အားများကို နှလုံးသွင်းပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့အရောက် လျှောက်လှမ်းနိုင်တော့မည်လို့ ယုံကြည်ပါတယ်ရှင်။

ယခုကဲ့သို့ ကျွန်မ မွေးဖွားကြီးပြင်းနေထိုင်သော ရှမ်းပြည်နယ်အတွင်း အေးချမ်းသာယာမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုမိုဖြစ်ထွန်းဖော်ဆောင်နိုင်ဖို့အတွက် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်စွန့်လွှတ် အပ်နှံလဲလှယ်ခဲ့ကြသော ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုများအားလုံးကို မိဘပြည်သူအားလုံးက တစ်ခဲနက်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုနေကြပါတယ်ရှင့်။

ကျွန်မတို့အနေနဲ့ ယခုထက်ပိုပြီး ဝမ်းသာပျော်ရွှင်ရအောင် ယခုအချိန်ထိ သံသယစိတ်တွေနဲ့ လက်နက်စွဲကိုင်နေကြသေးတဲ့ ဦးလေး၊ အစ်ကို၊ မောင်တွေအားလုံး အမှားကိုမြင်၊ အမှန်ကိုပြင်ပြီး ရှေ့ကလမ်းပြဦးဆောင်ခဲ့ကြတဲ့ ဦးကန်န၊ ဦးအိုက်မုန်း၊ ဦးဂုဏ်ခေး၊ ဦးစိုင်းကူ၊ ဦးစိုင်းရီတို့ကဲ့သို့ မိဘပြည်သူတွေရဲ့ နွေးထွေးတဲ့ရင်ခွင်ကို အမြန်ဆုံး ခိုလှုံဝင်ရောက်ပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်လာကြပါလို့ ဖိတ်ခေါ်အပ်ပါတယ်ရှင်။

အမြန်ဆုံးစွန့်လွှတ်

လက်နက်ကို အဓိပ္ပာယ်မဲ့ ကိုင်ဆောင်ထားခြင်းဟာ ဘယ်သူ့အတွက်မျှ အကျိုးမရှိပါဘူး။ မိမိဒေသအတွက်သာမက နိုင်ငံနှင့်လူမျိုးအားလုံးအတွက်ကိုပါ အန္တရာယ်ဖြစ်စေနိုင်တဲ့ သံသယအမျိုးမျိုးနဲ့ ကိုင်ဆောင်ထားတဲ့ ဥပဒေမဲ့လက်နက်တွေကို အမြန်ဆုံးစွန့်လွှတ်အပ်နှံကြဖို့ အချိန်တန်ပါပြီရှင်။

မိမိတို့ချစ်မြတ်နိုးလှပါတယ်ဆိုတဲ့ ကိုယ့်တိုင်းရင်းသားတွေ၊ ကိုယ့်မိဘဆွေမျိုးတွေရဲ့ဘဝ အေးချမ်းသာယာဖို့၊ ကိုယ်မွေးဖွားကြီးပြင်းရာ နယ်မြေဒေသ၊ ကိုယ့်ရပ်ကိုယ့်ရွာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဥပဒေမဲ့ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို စွန့်လွှတ်အပ်နှံကြပြီး ထာဝရငြိမ်းချမ်းရေးပန်းတိုင်အရောက် အမြန်လျှောက်လှမ်းလာခဲ့ကြပါလို့ မိခင်တွေ၊ ဇနီးသည်တွေ၊ အစ်မတွေ၊ ညီမတွေ၊ သမီးငယ်တွေအားလုံးရဲ့ကိုယ်စား အနူးအညွတ် ဖိတ်ခေါ်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မာသည်ထက်ခိုင်မာအောင်

ပြည်ပသွေးခွဲမှုများနှင့် ပြည်တွင်းပုဆိန်ရိုးများ၏ ဖြားယောင်းမှုများအ

● **ရှေ့ဖုံးမှ**

ထို့အတူ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် SSNA တပ်မဟာ(၆)မှ ဦးစိုင်းကူနှင့် SSA ခွဲထွက်အဖွဲ့မှ ဦးစိုင်းရီတို့ အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၁၁၉ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့ကြသည့် ရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးကန်န၊ ဦးဂုဏ်ခေးနှင့် ပလောင် တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းတို့ အပါအဝင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော SSA အထူးဒေသ(၃) ဥက္ကဋ္ဌ ဦးလွယ်မောင်း၊ KDAအထူးဒေသ(၅)ဥက္ကဋ္ဌ ဦးမထုနော်၊ KIA တပ်မဟာ(၄) နာယက ဦးလွန်းတောင်နှင့် ၎င်းတို့၏ တပ်ဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိများ အဖြစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး ချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများ အဖြစ် လားရှိုးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဖြစ်ကြသည့် ဒေါ်နန်းရွှေအေးနှင့် ဒေါ်နန်းမိုးမိုးသိမ့်တို့က ဆောင်ရွက် ကြသည်။

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆) နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်လဲလှယ်သည့် အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ ဖြစ်ကြသည့် ဒေါ်နန်းရွှေအေးနှင့် ဒေါ်နန်းမိုးမိုး သိမ့်တို့က ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

သဘာပတိများအဖြစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က ဆောင်ရွက် ကြစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူး ဒေါ်နန်း ရွှေအေးက ဦးစိုင်းကူ ခေါင်းဆောင် သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနား စတင် ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြောကြား

အစီအစဉ်အရ သဘာပတိ ရှမ်း ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာ စကားပြောကြားရာတွင် ယနေ့ ရှမ်း ပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့နယ်(အီနိုင်းလုံကျေးရွာ)၊ သိန်းနီ မြို့နယ် (မုံးပါးကျေးရွာ)၊ နမ္မတူ မြို့နယ်(မိုင်းရင်ကျေးရွာ)၊ မူဆယ် မြို့နယ်/နမ့်ခမ်းမြို့နယ်များမှ ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာကြ သည့် SSNA တပ်မဟာ(၆) ဒုတိယ တပ်မဟာမှူး ဦးစိုင်းကူ ခေါင်းဆောင် သော တပ်ဖွဲ့ဝင်များနှင့် SSA ခွဲထွက် အဖွဲ့ ဦးစိုင်းရီ ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ် အပ်နှံလဲလှယ်သည့် အခမ်းအနားသို့ ကြိုဆိုဂုဏ်ပြုအားပေးကြရန် တက် ရောက်လာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အစိုးရအဖွဲ့ ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိ ကြီးများ၊ တိုင်းရင်းသား သွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း အပေါင်းနှင့် ပြည့်စုံပါစေကြောင်းကို ပဏာမ နှုတ်ခွန်းဆက်အပ်ပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် အခမ်း အနားသည် မိမိတို့ လားရှိုးမြို့နယ်၊ နမ္မတူမြို့နယ်၊ သိန်းနီမြို့နယ်၊ မူဆယ် မြို့နယ်၊ နမ့်ခမ်းမြို့နယ် ဆက်စပ် ဒေသများ၌နေထိုင်ကြသော တိုင်းရင်း သားညီအစ်ကိုများအတွက်သာမကဘဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင် လုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တစ်ခုလုံးအတွက်သော်လည်းကောင်း

ပျက်ယွင်းအောင်၊ ဖွံ့ဖြိုးတိုးတက်နေမှု အရှိန်အဟုန်များကို ရပ်တန့်နှောင့်နှေး သွားအောင် အင်မတန်မှ ယုတ်မာ ကောက်ကျစ်သော အကြံအစည် အမျိုးမျိုးဖြင့် ကိုလိုနီလက်သစ် အင်အားကြီးနိုင်ငံတချို့နှင့် ပြည်ပ အားကိုး ပုဆိန်ရိုးများ ပူးပေါင်းပြီး ကောလာဟလ သတင်းအမျိုးမျိုးနှင့် ပြဿနာအမျိုးမျိုး လုပ်ကြံဖန်တီးနေ ကြသည့် ယခုကဲ့သို့ အချိန်ကာလ မျိုးတွင် မိမိတို့ ရှမ်းပြည်နယ်အတွင်း၌ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြိုဆိုပါ ကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ကာလမျိုးတွင် SSNA တပ်မဟာ(၆)မှ ဦးစိုင်းကူ ဦးဆောင် သည့် ညီအစ်ကိုများနှင့် SSA ခွဲထွက်အဖွဲ့မှ ဦးစိုင်းရီ ဦးဆောင်သည့် ညီအစ်ကိုများအနေဖြင့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာပြီး ခြွင်းချက် မရှိ လက်နက်များ စွန့်လွှတ်အပ်နှံကာ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီး အပိုင် လဲလှယ်လိုက်ခြင်းသည် ပြည် ထာဝရ ငြိမ်းချမ်းရေးကို တည်ဆောက် လာခြင်းအပေါ် နိုင်ငံတော်ကိုယ်စား အနေဖြင့်သော်လည်းကောင်း၊ တိုင်းမှူး တစ်ယောက်အနေဖြင့် သော်လည်း ကောင်း၊ နိုင်ငံနှင့်အဝန်း ပြည်သူ တစ်ရပ်လုံးနှင့် ထပ်တူထပ်မျှ အထူး ပင် ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါကြောင်း ကို ထပ်လောင်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ အင်မတန်မှ ဝမ်း မြောက်ကြည်နူးဖွယ်ရာ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသည့် အခမ်း အနားကို တက်ရောက်လာကြသော တိုင်းရင်းသားသွေးချင်းညီအစ်ကိုများ ကို မိမိတို့ အမိပြည်ထောင်စု မြန်မာ နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ထာဝရအစွန့်ရှည်ကြာစွာ တည်တံ့ ခိုင်မြဲစေရန် မိမိတို့အားလုံး တိုင်းရင်း သားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာ သည်ထက် ခိုင်မာအောင် စဉ်ဆက်

ကို နှစ်ပေါင်း ၁၀၀ ကျော်တိုင် ကျရောက်ကျွန်ဖြစ်ခဲ့ရပြီး တိုင်းရင်း သားများအချင်းချင်းကြား၌ နည်းမျိုးစုံ ဖြင့် သွေးခွဲအုပ်ချုပ်မှုကို ကြုံတွေ့ ခံစားခဲ့ကြရကြောင်း၊ ယင်းကိုလိုနီ အမွေဆိုးများကြောင့် မိမိတို့ တိုင်းရင်း သားများအကြား သံသယစိတ်များ ပွားများခဲ့ကြရသော်လည်း ကိုလိုနီ နယ်ချဲ့များ၏ လက်အောက် ကျွန် ဘဝက ပြန်လည်လွတ်မြောက်အောင် မိမိတို့ တိုင်းရင်းသား ဘိုးဘွားဘီဘင်

ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုများ အားလုံး တစည်းတလုံးတည်း ညီညီ ညွတ်ညွတ်ရှိနေကြကြောင်း၊ မည်သူ များက မည်သို့ပင် သွေးခွဲသပ်လျှိုနေ ကြစေကာမူ တိုင်းရင်းသား သွေးစည်း ညီညွတ်မှုကို ခိုင်မာသည်ထက် ပိုမို ခိုင်မာအောင် တည်ဆောက်လျက် ရှိနေကြကြောင်းကို လက်တွေ့

ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ သမိုင်းတွင် ကောင်းမြတ်သော သမိုင်း မှတ်တိုင် တစ်ခုအဖြစ် မှတ်တမ်းတင် နိုင်တော့မှာဖြစ်ကြောင်း။

ပြည်သူများနှင့်တစ်သားတည်း

ဒေသနေ တိုင်းရင်းသားပြည်သူ လူထုအားလုံး၏ အကျိုးကို ရှေးရှုပြီး

အနားကို တက်ရောက်လာကြသော တိုင်းရင်းသားသွေးချင်းညီအစ်ကိုများ ကို မိမိတို့ အမိပြည်ထောင်စု မြန်မာ နိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ထာဝရအစွန့်ရှည်ကြာစွာ တည်တံ့ ခိုင်မြဲစေရန် မိမိတို့အားလုံး တိုင်းရင်း သားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာ သည်ထက် ခိုင်မာအောင် စဉ်ဆက်

ရှမ်းပြည်နယ် အေးချမ်းသာယာရေ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစ မြင့်လှိုင်က ကြိုဆိုဂုဏ်ပြုအမှာစကားပြော

များ၏ အသက်သွေးချွေးပေါင်း မြောက်မြားစွာဖြင့် ပေးဆပ်ရင်းနှီးပြီး တိုင်းရင်းသားအားလုံး၏ စည်းလုံး ညီညွတ်မှုအင်အားနှင့် မိမိတို့ ပြည် ထောင်စု မြန်မာနိုင်ငံတော်ကြီး၏

အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက် လာစေရန် အခြေခံ လိုအပ်ချက် ဖြစ်သည့် နယ်မြေတည်ငြိမ်အေးချမ်း ရေးကို ထာဝရ ဖော်ဆောင်နိုင်တော့ မည်ဖြစ်၍ အလွန်ပင် ကြည်နူးဝမ်း မြောက် ဂုဏ်ယူဖွယ်ရာကောင်းသော၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခမ်းအနားတစ်ရပ် ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ညီညီညွတ်ညွတ်ရှိ

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ကြီး၏ တည်ငြိမ်အေးချမ်းမှုကို

ထင်ရှားသော လုပ်ဆောင်ချက် သာဓကတစ်ရပ်အနေဖြင့် ယခုကဲ့သို့ SSNA တပ်မဟာ(၆) ဒုတိယ တပ်မဟာမှူး ဦးစိုင်းကူ ဦးဆောင် သည့် တိုင်းရင်းသားညီအစ်ကိုများနှင့် ဦးစိုင်းရီ ဦးဆောင်သည့် SSA ခွဲထွက်အဖွဲ့ဝင် ညီအစ်ကိုများက လက်နက်နှင့်ငြိမ်းချမ်းရေးကို အပြီး အပိုင် လဲလှယ်အပ်နှံကြပြီး **“အရေး ကြီးရင် အမြဲသွေးစည်းကြတဲ့”** မိမိ တို့ တိုင်းရင်းသားများ၏ စည်းလုံး ညီညွတ်မှုအင်အားကို အထင်အရှား ပြသလိုက်နိုင်ခြင်းအပေါ် အထူးပင်

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပစဉ်။
(သတင်းစဉ်)

ရဲရင့်မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြင့် ဥပဒေဘောင်အတွင်းရှိ ပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်သွား ကြရန်အတွက် ယခင်က သံသယစိတ် များဖြင့် စွဲကိုင်ထားသည့် လက်နက် များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး

မပြတ် ကြိုးပမ်းတည်ဆောက်နေကြ ရန် အင်မတန်မှ အရေးတကြီး လိုအပ် နေသော အချိန်ကာလဖြစ်ကြောင်းကို အလေးအနက် ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတော်၏ သမိုင်းကြောင်း ၌ ကိုလိုနီနယ်ချဲ့များ၏ လက်အောက်

လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ပြန်လည်တိုက်ခိုက်ရယူ နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အဓိကတာဝန်

ထို့ကြောင့် မိမိတို့၏ **“ဘိုးဘွား အမွေအနှစ်”** အစစ်အမှန်ဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ ထာဝရတည်တံ့ခိုင်မြဲစေရေး အတွက်၊ နိုင်ငံတော်ကြီးကို ချစ်မြတ် နိုးသောစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသား သွေးစည်း

သည်ထက်ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ရန် အရေးတကြီးလိုအပ်
း၏ ဖြားယောင်းမှုများအပေါ်၌ မှန်ကန်သည့်သတိတရားဖြင့် ဆင်ခြင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကို နှစ်ပေါင်း ၁၀၀ ကျော်တိုင် ကျရောက်ကျွန်ဖြစ်ခဲ့ရပြီး တိုင်းရင်းသားများအချင်းချင်းကြား၌ နည်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်မှုကို ကြုံတွေ့ခံစားခဲ့ကြရကြောင်း၊ ယင်းကိုလိုနီအမွေဆိုးများကြောင့် မိမိတို့ တိုင်းရင်းသားများအကြား သံသယစိတ်များ ပွားများခဲ့ကြရသော်လည်း ကိုလိုနီနယ်ချဲ့များ၏လက်အောက် ကျွန်ဘဝက ပြန်လည်လွတ်မြောက်အောင် မိမိတို့ တိုင်းရင်းသား ဘိုးဘွားဘီဘင် ညီညွတ်မှုစိတ်ဓာတ်များဖြင့် အသက်ထက်ဆုံး စောင့်ရှောက်ကာကွယ်ကြရန်မှာ မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး၏ မွေးရာပါ အဓိကတာဝန်ကြီးပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ ရဲဝံ့ပြတ်သားပြီး တိကျခိုင်မာသည့် ဆုံးဖြတ်ချက်ဖြင့် ဒေသခံ တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်လိုက်ခြင်း စွန့်လွှတ်အပ်နှံခဲ့သည့် အခမ်းအနားကို ပထမအကြိမ်အနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယအကြိမ်အနေဖြင့် ၂၉-၄-၂၀၀၅ ရက်နေ့တွင် နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ် ပလောင်ဒေသမှ ပလောင် တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်း ဦးဆောင်သည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၄၅၅ ဦးသည် လက်နက်ကြီး/ငယ်မျိုးစုံ ၄၅၅ လက်ကို အခမ်းအနားဖြင့် အပ်နှံစွန့်လွှတ်ခဲ့ကြကြောင်း၊ တတိယအကြိမ်အနေဖြင့် ၂၀-၅-၂၀၀၅ ရက်နေ့တွင် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ SSNA တပ်မဟာ(၁၉)၊ ဦးဂုဏ်ခေး ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်အင်အား ၁၉၀ တို့သည် လက်နက်ကြီး/ငယ်မျိုးစုံ ၁၉၀ တို့ကို စွန့်လွှတ်အပ်နှံခဲ့ကြရာ ဒေသနေ ပြည်သူတစ်ရပ်လုံး၏ နှစ်ထောင်းအားရ

ဦးစိုင်းကူ၊ ဦးစိုင်းရီတို့ အပါအဝင် တပ်ဖွဲ့ဝင်အသီးသီးတို့၏ မိသားစုအသီးသီးအနေဖြင့် မည်မျှဝမ်းမြောက်ဂုဏ်ယူခံစားနေကြမည် ဆိုသည်ကို မိမိတို့အားလုံးကိုယ်တိုင် စာနာခံစားကြည့်၍ ရနိုင်သကဲ့သို့ ဒေသခံ မိဘပြည်သူတစ်ဦးချင်းစီ၏ ဝမ်းသာကြည်နူးမှုကိုလည်း မျှဝေခံစားသိရှိနားလည်နိုင်ကြကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် သံသယစိတ်များ၊ ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်များနှင့် လက်နက်စွဲကိုင်ထားဆဲရှိနေကြသေးသော ကျန်ရှိနေသေးသည့် ညီအစ်ကိုများကိုလည်း မိမိတို့ တိုင်းရင်းသားများ၏အကျိုး၊ နိုင်ငံတော်ကြီး၏အကျိုးကို လိုလားသယောင်ယောင်ဖြင့် မိမိတို့ ပြည်ထောင်စုကြီးကို ပြိုကွဲအောင် နည်းမျိုးစုံ ဝါဒဖြန့် လုပ်ကြံဖန်တီးပြီး **"နွားကွဲရင် ကျားဝင်ဆွဲ"**ရန် **"ဆင်ကြံကြံစည်"** နေကြသည့် မည်သည့်နိုင်ငံခြားသား ကိုလိုနီလက်သစ်၊ မည်သည့်နိုင်ငံခြားသား သြဇာခံ၊ ပြည်ပြေးလက်ဝေခံများ၏ သွေးထိုးလှုံ့ဆော်မှုကိုမျှ နားမယောင်ကြရန်၊ မိမိတို့နိုင်ငံ ကျွန်ဖြစ်ခဲ့ရသည့်ဘဝကို သတိတရားရှိကြရန်၊ မမေ့မလျော့ကြရန် ပြောကြားလိုကြောင်း။



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ကြိုဆိုဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

များ၏ အသက်သွေးချွေးပေါင်းမြောက်မြားစွာဖြင့် ပေးဆပ်ရင်းနှီးပြီး တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားနှင့် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသော ထာဝရငြိမ်းချမ်းရေးကို မလွဲကေန် ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း

မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းအတူနေ၊ တစ်ရေတည်းအတူသောက် မည်သို့မျှ ခွဲခြား၍မရနိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံသားများအားလုံး အတူတူဖြစ်ကြကြောင်း၊ မိမိတို့အားလုံး မြန်မာတိုင်းရင်းသားများဟု အလေးအနက် ခံယူကြရင်း နိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ **"အေးအတူ ပူအမျှ"** ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ယခင်က သံသယစိတ်အမျိုးမျိုးဖြင့် စွဲကိုင်ထားခဲ့ကြသော လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး **"ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့"** အမြန်ဆုံး လျှောက်လှမ်းလာကြရန် အချိန်တန်နေပါပြီဟု ရင်တွင်းက မေတ္တာစေတနာအမှန်အားဖြင့် တိုက်တွန်းပြောကြားလိုကြောင်း။

မရှိမဖြစ်လိုအပ်ချက်

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ပြည်သူများ ယနေ့လိုလားတောင့်တနေကြသော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် ဒို့ပြည်သူလူထုတွေကို တရားဥပဒေဘောင်အတွင်း အပြည့်အဝ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက် ကာကွယ်ပေးနိုင်ရေးဟာ အခြေခံမရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်း"**ကို အတိအလင်း လမ်းညွှန်မိန့်ကြားထားမှုရှိကြောင်း။

မိမိတို့၏ အမိနိုင်ငံတော်နှင့် အမိပြည်ထောင်စုကြီးကို အမှန်တကယ် ချစ်မြတ်နိုးကြသူများ၊ နိုင်ငံတော်၏အကျိုး၊ ပြည်ထောင်စုကြီး၏ အကျိုးကို အမှန်တကယ် လိုလားကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား မှန်သမျှတို့သည် မိမိတို့ ဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေးများဖြင့် ပေးဆပ်ရင်းနှီးရယူခဲ့ကြရသည့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ပြိုကွဲပျက်စီးရာ ပျက်စီးကြောင်း ကောက်ကျစ်စွာ ကြံစည်နေကြသည့် ပြည်ပသွေးခွဲမှုများနှင့် ပြည်တွင်းပုဆိန်ရိုးများ၏ ဖြားယောင်းမှုများအပေါ်၌ မှန်ကန်သည့် သတိတရားရှိစွာဖြင့် ဆင်ခြင်နိုင်ကြပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မိမိတို့ တိုင်းရင်းသားပြည်သူများ တစ်သားတည်း တစ်သွေးတည်း ရှိနေကြရန်၊ စည်းလုံးညီညွတ်ကြရန်၊ နိုင်ငံတော်ကြီးအပေါ် ထိပါးကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို လက်တွဲကာကွယ်စောင့်ရှောက်ကြရန် အထူးတိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

လွှတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်တိုက်ခိုက်ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အဓိကတာဝန်

ထို့ကြောင့် မိမိတို့၏ **"ဘိုးဘွားအမွေအနှစ်"** အစစ်အမှန်ဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ လွှတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက်၊ နိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား သွေးစည်းလျှင်မြန်စွာ အထောက်အကူပြုစေနိုင်တော့မည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း၌ ယနေ့ ကျင်းပသည့် ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်များ ခြွင်းချက်မရှိ စွန့်လွှတ်အပ်နှံ လဲလှယ်သော အခမ်းအနားများကို ၁၂-၄-၂၀၀၅ ရက်နေ့တွင် သိန်းနီမြို့နယ် စယ်အူကျေးရွာ၌ SSNA တပ်မဟာ(၁၁) ဦးကန်န ခေါင်းဆောင်သော တပ်ဖွဲ့ဝင်အင်အား ၁၇၀ သည် လက်နက်ကြီး/ငယ်မျိုးစုံ ၁၇၀ တို့ကို ဂုဏ်ပြုကြိုဆိုခဲ့ကြသော အောင်ပွဲအခမ်းအနားများကို အသီးသီးပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် ထာဝရငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူနိုင်သော အခမ်းအနားဖြစ်ပါကြောင်း။

ဝမ်းမြောက်ဂုဏ်ယူနေ

ယခုကဲ့သို့ **"ထာဝရငြိမ်းချမ်းရေးမှတ်တိုင်"**များ အသီးသီး စိုက်ထူနိုင်အောင် ကိုယ်တိုင်ဦးစီးခေါင်းဆောင် ကြိုးပမ်းခဲ့ကြသော ဦးကန်န၊ ဦးအိုက်မုန်း၊ ဦးဂုဏ်ခေးနှင့် ယခု

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် အပ်နှံသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



၁၉၈၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSAခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် အပ်နှံသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (ဝဲပုံနှင့် အောက်ပုံ)

(သတင်းစဉ်)

▲ **စာမျက်နှာ ၉ မှ**

ယခုကဲ့သို့ ထူးခြားလေးနက်စွာဖြင့် SSNAတပ်မဟာ(၆)နှင့် SSAခွဲထွက်တပ်ဖွဲ့ဝင်များ၏ ခိုင်မာပြတ်သားသော ဆုံးဖြတ်လုပ်ဆောင်ချက်များကို တိုင်းမှူးတစ်ယောက်အနေဖြင့် လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညီအစ်ကိုများ၏ လုံခြုံရေးအပါအဝင် စားဝတ်နေရေး အခြေခံလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို မျက်ခြည်မပြတ် အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် တာဝန်ယူသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်ပိုင်းအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသွားနိုင်ရန် စဉ်ဆက်မပြတ် တင်ပြတောင်းခံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့အခမ်းအနားကို အင်တိုက်အားတိုက် တက်ကြွစွာအားပေး တက်ရောက်လာခဲ့ကြသော မိမိတို့ တိုင်းရင်းသား သွေးချင်းညီအစ်ကိုများအားလုံးအနေဖြင့် ဦးစိုင်းကူ ဦးစီးသည့် SSNA တပ်မဟာ(၆) တပ်ဖွဲ့ဝင်များနှင့် ဦးစိုင်းရီ ဦးစီးသော SSA ခွဲထွက် တပ်ဖွဲ့ဝင်များအားလုံးတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံနှင့်အဝန်း တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးတို့နှင့်အတူ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြရင်း မိမိတို့ နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ကြီးဖြစ်သော **"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** တာဝန်များအပေါ် မိမိတို့ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ သွေးစည်းညီညွတ်မှု စွမ်းပကားတို့အားဖြင့် အသက်ထက်ဆုံး အတူလက်တွဲစောင့်ရှောက် ကာကွယ်သွားကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံသည့် အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး အဆင့်ရှိသူ ဦးစိုင်းကူ၊ တပ်ရင်းမှူး အဆင့်ရှိသူများဖြစ်ကြသော ဦးခွန်ဆစ်ညို၊ ဦးလောက်လျှမ်း၊ ဦးအိုက်ပွဲနှင့် ဦးစိုင်းလူ၊ ဒုတိယတပ်ရင်းမှူး အဆင့်ရှိသူ ဦးစိုင်းစု တို့ကလည်းကောင်း၊ SSA ခွဲထွက်အဖွဲ့မှ ဦးစိုင်းရီကလည်းကောင်း လက်နက်များကို အပ်နှံကြသည်။

အပ်နှံသောလက်နက်များ

SSNA တပ်မဟာ(၆)မှ အပ်နှံသောလက်နက်များမှာ (၆၀)မမ စိန်ပြောင်းတစ်လက်၊ (၆၇) ဒုံးပစ်လောင်ချာတစ်လက်၊ (၇၈) ဒုံးပစ်လောင်ချာတစ်လက်၊ အမ်(၈၂) လောင်ချာရှစ်လက်၊ အမ်(၆၂၅) ဟိုမိန်းလောင်ချာသုံးလက်၊ အမ်(၂၃) စက်လတ်ရှစ်လက်၊ အမ်(၇၉)သုံးလက်၊အမ်(၁၆) ၂၈လက်၊ အမ်(၂၁)သုံးလက်၊ အမ်(၂၂) ၃၅လက်၊ ဘီအေ(၆၃) လေးလက်၊ ပွိုင့်(၃၀) ကာဘိုင်နှစ်လက်၊ (၉)မမ ပစ္စတိုတစ်လက်၊ ပါရာပစ္စတိုခြောက်လက်၊ ဟိုမိန်းလုပ် ပစ္စတိုနှစ်လက်၊ ငါးလုံးပြူးတစ်လက်၊ ဟိုမိန်းလုပ် တစ်လုံးထိုးတစ်လက် စုစုပေါင်းလက်နက် ၁၀၈ လက်၊ ဗုံးသီးမျိုးစုံ ၈၉လုံး၊ ခဲယမ်းမျိုးစုံ ၁၈၈၈တောင့်၊ ကျည်ကတ်မျိုးစုံ ၆၄ခု၊ အိုင်ကွန်စကားပြောစက် ၁၂ လုံး၊ စနက်တံ ၄၀ခုနှင့် ပို့ကျည် ၄၃တောင့်၊ ပလတ်စတစ်မိုင်း ၅၉လုံး၊ လက်ပစ်ဗုံးခုနစ်လုံးတို့ဖြစ်ပြီး SSA ခွဲထွက် ဦးစိုင်းရီအဖွဲ့မှ အပ်နှံသော လက်နက်များမှာ လက်နက်ငယ်မျိုးစုံ ၁၁လက်၊ ကျည်ကတ်မျိုးစုံခြောက်ခု၊ ခဲယမ်းမျိုးစုံ ၆၇တောင့်တို့ ဖြစ်ကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ်အရ SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး အဆင့်ရှိသူ ဦးစိုင်းကူက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ ဆောင်ရွက်ရသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသား ပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို ရှမ်းတိုင်းရင်းသားဘာသာဖြင့် ပြောကြားပြီး ၎င်း၏ ပြောကြားချက်ကို ရှမ်းတိုင်းရင်းသူ မနန်းမိုဆိုင်နွံခမ်းညွန့်က မြန်မာဘာသာဖြင့် ပြန်ဆိုပြောကြားသည်။

(ဦးစိုင်းကူ၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် SSNA တပ်မဟာ(၆)မှ တပ်ရင်းမှူး အဆင့်ရှိသူ ဦးခွန်ဆစ်ညိုက မိမိတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လက်နက်များလဲလှယ်ရခြင်းအကြောင်းရင်းနှင့် ကျေးဇူးတင်စကားကို ရှမ်းတိုင်းရင်းသားဘာသာဖြင့်ပြောကြားပြီး ၎င်း၏ပြောကြားချက်ကို တအမ်းပလောင်တိုင်းရင်းသူ မလွေးတင်တင်ကြည်က မြန်မာဘာသာဖြင့် ပြန်ဆိုပြောကြားသည်။

(ဦးခွန်ဆစ်ညို၏ ကျေးဇူးတင်စကားပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ SSA ခွဲထွက်အဖွဲ့မှ ဦးစိုင်းရီက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်အပ်နှံဆောင်ရွက်ရသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်၊၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို ရှမ်းတိုင်းရင်းသားဘာသာဖြင့်ပြောကြားပြီး ၎င်း၏ ပြောကြားချက်ကို ကချင်တိုင်းရင်းသူ မရွှယ်ဆိုင်ခမ်းက မြန်မာဘာသာပြန်ဆိုပြောကြားသည်။

(ဦးစိုင်းရီ၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ဒေသခံ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခိုင်အေးချမ်းက ဦးစိုင်းကူနှင့် ဦးစိုင်းရီတို့အဖွဲ့များအား ဒေသခံတိုင်းရင်းသားပြည်သူများ ကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကားပြောကြားသည်။

(ဒေါ်နန်းခိုင်အေးချမ်း၏ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က SSNA တပ်မဟာ (၆)မှ ဒုတိယတပ်မဟာမှူး အဆင့်ရှိသူ ဦးစိုင်းကူနှင့် တပ်ရင်းမှူးအဆင့်ရှိကြသည့် ဦးခွန်ဆစ်ညို၊ ဦးလောက်လျှမ်း၊ ဦးအိုက်ပွဲနှင့် ဦးစိုင်းလူ၊ ဒုတိယတပ်ရင်းမှူးအဆင့်ရှိသူ ဦးစိုင်းစုနှင့် SSA ခွဲထွက်အဖွဲ့မှ ခေါင်းဆောင် ဦးစိုင်းရီတို့အား ဂုဏ်ပြုလက်ဆောင်ခြင်းများ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်း၊ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များဖြစ်သော ဦးကန်နနှင့် ဦးဂုဏ်ခေးတို့အား ဂုဏ်ပြုလက်ဆောင်ခြင်းများ ပေးအပ်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး အဆင့်ရှိသူ ဦးစိုင်းကူနှင့် SSA ခွဲထွက်အဖွဲ့မှ ခေါင်းဆောင် ဦးစိုင်းရီ၊ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးကန်နနှင့် ဦးဂုဏ်ခေး၊ ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းတို့အား နိုင်ငံတော်က တပ်ဖွဲ့ဝင်တစ်ဦးချင်းအတွက် ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေများကို ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မန်တုံဒေသမှ ပလောင်တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်း၊ ဆယ်အူ/ကွန်ကောက်ဒေသမှ ရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးဂုဏ်ခေးနှင့် မုံးရင်ဒေသမှ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းကူတို့အား တစ်ဖွဲ့လျှင် ဝက်သားပေါက်ငယ် အကောင် ၅၀စီနှင့် တစ်လစာ အစာအိတ်များကို အသီးသီးပေးအပ်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပလောင်တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော လယ်ထွန်စက်ငါးစီး၊ ရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးကန်နအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော လယ်ထွန်စက် သုံးစီးတို့ကို အသီးသီး ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပလောင် တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော မီးသတ်ကားနှစ်စီးကို ပေးအပ်သည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် SSNA တပ်မဟာ(၆) နှင့် SSA ခွဲထွက်အဖွဲ့တို့မှ အပ်နှံသော လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် SSNA တပ်မဟာ(၆)နှင့် SSA ခွဲထွက်အဖွဲ့တို့အတွက် ထောက်ပံ့ပေးအပ်သော မီးသတ်ကားများနှင့် လယ်ထွန်စက်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သော ဝက်သားပေါက်များနှင့် ဝက်အစာများကို ကြည့်ရှုစစ်ဆေးကြသည်။

အားပေးစကားပြော

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်စွန့်လွှတ် အပ်နှံလဲလှယ်သော SSNA တပ်မဟာ(၆) နှင့် SSAခွဲထွက်အဖွဲ့တို့မှခေါင်းဆောင်များနှင့် တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၅ ခုနှစ်၊ ဇူလိုင် ၂၄ ရက် မြန်မာစံတော်ချိန် ၂၂ နာရီ ၁၂ မိနစ် ၂၄စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၇၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ အိန္ဒိယဒေသ နီကိုဘားကျွန်းစု၊ မီရှကျွန်း၏အနောက်ဘက် ၈၅မိုင်အကွာ ပင်လယ်ပြင်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ သုည အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူးအဆင့်ရှိသူ ဦးစိုင်းကူ၊ တပ်ရင်းမှူးအဆင့်ရှိသူများဖြစ်ကြသော ဦးခွန်ဆစ်ညို၊ ဦးလောက်လျှမ်း၊ ဦးအိုက်ပွဲနှင့် ဦးစိုင်းလူ၊ ဒုတိယတပ်ရင်းမှူးအဆင့်ရှိသူ ဦးစိုင်းစု၊ SSA ခွဲထွက်အဖွဲ့မှ တပ်ရင်းမှူး အဆင့်ရှိသူ ဦးစိုင်းရီတို့က လက်နက်များ အပ်နှံကြစဉ်။ (အပေါ်ပုံများနှင့်ယာပုံ) (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ပြည်သူလူထုက ဆက်ကြေး၊ ဆန်စပါးပေးနေရတာကို စေတနာမရှိနိုင် ခြိမ်းခြောက် တောင်းရမ်းစားနေရတဲ့အပေါ် သိမ်ငယ်စွာ ခံစားလာရ

SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး ဦးစိုင်းကူက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်အပ်နှံ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများကို ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

*** လူမျိုးရေးစိတ်မှ**

မရှိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ ရိုးသားဖြူစင်တဲ့ မိဘများဟာ မိမိတို့ရဲ့ ရင်သွေးများကို စာသင်ရန်နှင့် သောင်းကျန်းသူအဖွဲ့မှ လူသစ်စုဆောင်းခြင်း မခံရအောင် ရှောင်တိမ်းနိုင်ဖို့ ရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်စေခဲ့ပါတယ်။

အဓမ္မလူသစ်စုဆောင်း

အရွယ်ရောက်လာလို့ မိဘလယ်ယာမှာ မိဘကို ကူညီနေရင်း ၁၉၈၁ခုနှစ် အသက်(၁၆)နှစ်အရွယ်မှာ SURA အဖွဲ့မှ ဗိုလ်မှူးကံဆေးက အဓမ္မ လူသစ်စုဆောင်းရာမှာ ပါဝင်ခဲ့ပြီး ယိုးဒယားနယ်စပ် ပင်လုံဒေသမှာ သင်တန်းတက်ခဲ့ပါတယ်။ ထို့နောက် ရှမ်းပြည်နယ် သံလွင်အနောက်ခြမ်းမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၉၅ခုနှစ်မှာ မိုင်းရင်ဒေသသို့ ရောက်ရှိခဲ့ပါတယ်။

ကျွန်တော်တို့ လက်နက်များ စွဲကိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ ကျွန်တော်တို့ လိုလားတာတွေကတော့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာတာကို လိုလားတောင့်တခဲ့ပါတယ်။ ဒီလို ဆန္ဒရှိခဲ့ပါသော်လည်းပဲ ထိုစဉ်က တိုင်းပြည်ကိုတာဝန်ယူခဲ့တဲ့ အစိုးရအဖွဲ့များအနေဖြင့် ကျွန်တော်တို့ လိုလားတောင့်တခဲ့တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို ဆောင်ရွက်ပေးဖို့ အားနည်းခဲ့ပါတယ်။ ဒါ့ကြောင့် လူမျိုးရေးစိတ်၊ ဒေသစွဲစိတ်တွေနှင့် အယူအဆမှားယွင်းစွာ လက်နက်ကို စွဲကိုင်ခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိတပ်မတော်အစိုးရကာလမှာ ဒေသဖွံ့ဖြိုးရေးကို ကျေးလက်ပါမကျန်အောင် စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ လျှပ်စစ်မီးတွေ၊ လမ်းတံတားတွေစတဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးနေတာကို ကျွန်တော်တို့ မြင်တွေ့ခံစားနေရပါတယ်။ ဒါကြောင့် လက်နက်ကိုင်လမ်းစဉ်ဟာ မှားယွင်းနေပြီလို့ စဉ်းစားမိခဲ့တဲ့အတွက် ငြိမ်းချမ်းရေးနှင့် လက်နက်လဲလှယ်ခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ လက်နက်ကိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ တပ်ဖွဲ့ဝင်အားလုံးရဲ့ စားဝတ်နေရေး အခက်အခဲများအတွက် ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံ ရပ်တည်ခဲ့ရပါတယ်။ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေး ဦးတည်ချက်ရှိခဲ့သော်လည်း လူထုထံမှ ဆက်ကြေးကောက် စားသုံးနေရပြီး လူထုရဲ့အကျိုးကို မဆောင်ရွက်နိုင်ခဲ့ပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေတာကို တွေ့မြင်သိရှိနေရပါတယ်။ ကျွန်တော်တို့ကြောင့် လူထုမှာ ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေတာတွေ့ရလို့ အပြီးအပိုင် ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ပြီး၊ လူထုအကျိုးကို ရှေးရှုပြီး လက်နက်များ စွန့်ခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ လက်နက်စွဲကိုင်ထားတဲ့ ကာလတစ်လျှောက်လုံး လူထုထံမှ အခွန်အခဆက်ကြေးငွေ ကောက်ခံစားသောက်ခဲ့ရပါတယ်။ ဆက်ကြေးငွေပေးနေရတဲ့ လူထုနဲ့ နေ့စဉ်ထိတွေ့ဆက်ဆံနေရပါတယ်။ ထိတွေ့ဆက်ဆံနေရတဲ့ သူတွေကလည်း တိုင်းရင်းသား သွေးရင်းများဖြစ်တဲ့အတွက် သူတို့အပေါ် ရက်ရွဲ့အားနာမှုကို ကိုယ်တိုင်ခံစားလာရပါတယ်။ ပြည်သူလူထုကလည်း ဆက်ကြေးငွေများ၊ ဆန်စပါးများ ပေးကမ်းနေရတာကို စေတနာမရှိနိုင်တာကိုလည်း နားလည်ခံစားလာခဲ့ရပါတယ်။ ဒါ့ကြောင့် ပြည်သူ့မျက်နှာ ထောက်ထားညှာတာပြီး၊ ပြည်သူ့မျက်နှာ ထောက်ထားစာနာပြီး မိဘပြည်သူတို့၏ ဆန္ဒနှင့်အညီ လက်နက်စွန့်ဖို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပါတယ်။

ဆက်ကြေးကောက်

ကျွန်တော်တို့အနေနဲ့ လက်နက်စွဲကိုင်ထားဆဲဖြစ်ပြီး လူသစ်စုဆောင်းခြင်း၊ နယ်မြေလူထုထံမှ ဆက်ကြေးကောက်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ လက်နက်အားကိုးနဲ့ ကောက်ခံရရှိတဲ့ ဆက်ကြေးငွေများကို SSNA ခေါင်းဆောင်များထံ အပ်နှံခဲ့ရပါတယ်။

ပြည်သူလူထုက ရွံ့ကြောက်၍ပေးခဲ့တဲ့ ဆက်ကြေးငွေများကို SSNA ခေါင်းဆောင်လူကြီးများက ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတစ်လမ်းတောင် ဖောက်လုပ်ပေးခြင်းမရှိပါဘူး။ ခေါင်းဆောင်ပိုင်းကသာ စည်းစိမ်ခံစားပြီး မြို့ကြီးပေါ်မှာ အိမ်များဆောက်၊ သူတို့မိသားစုများ ထောက်ပံ့ရာမှာသာ သုံးစွဲနေတာကို တွေ့လာရပါတယ်။



SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး ဦးစိုင်းကူ ရှမ်းတိုင်းရင်းသားဘာသာဖြင့် ပြောကြားသည့် ကျေးဇူးတင်စကားကို ရှမ်းတိုင်းရင်းသူ မနန်းမိုဆိုင်နွံခမ်းညွန့်က မြန်မာဘာသာ ပြန်ဆို၍ ပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်တော်တို့ တပ်ဖွဲ့ဝင် ငယ်သားတွေမှာတော့ လူတစ်ယောက် တစ်နေ့ လုပ်အားခပင် မရှိတဲ့ တစ်လလစာ ကျပ် ၅၀၀ လောက်နဲ့ ဆင်းဆင်းရဲရဲ နေခဲ့ရပါတယ်။ ပြည်သူလူထုထံမှ ခြိမ်းခြောက် တောင်းရမ်းစားနေရတဲ့အပေါ် သိမ်ငယ်စွာ ခံစားလာရပါတယ်။

ဒီလိုအခြေအနေမှာပဲ SSNA တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်နနဲ့ ၎င်းတို့တပ်ဖွဲ့ဝင်အားလုံး တညီတညွတ်တည်း ငြိမ်းချမ်းရေးနဲ့လက်နက် ထာဝရ အပြီးအပိုင် လဲလှယ်ခဲ့ပါတယ်။ ရပ်မိရပ်ဖများမှ နွေးထွေးစွာကြိုဆိုတာ သိမြင်ရတဲ့အခါမှာ အားလုံးဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါတယ်။

အမြင်မှန်ရ

ယခုလို လက်နက်စွန့်လွှတ်အပ်နှံရခြင်းဟာ မိမိကိုယ်တိုင် အသိမှန်အမြင်မှန် ရရှိလာခြင်း၊ ပြည်သူ့ဆန္ဒအမှန်ကို နားလည်လာခြင်း၊ နိုင်ငံတော်အစိုးရ တပ်မတော်၏ စေတနာအမှန်ကို ကိုယ်တိုင်သိမြင် ခံစားလာရခြင်း၊ မိမိတို့ ကိုယ်တိုင် တစ်ဦးချင်း လက်နက်ကိုင်စွဲထားခြင်းဟာ ပြည်သူ့အတွက်ရော၊ မိမိတစ်ဦးချင်းအတွက်ရော အကျိုးမရှိခြင်း၊ ပြည်သူနဲ့ ဒေသအပေါ်ကိုလည်း ဝန်ထုပ်ဝန်ပိုးသာဖြစ်စေကြောင်း လေးလေးနက်နက် ယုံကြည်လာခဲ့ပြီး အမြင်မှန်ရလာတဲ့အတွက် မိမိတို့ဆန္ဒအလျောက် ခိုင်မာစွာဆုံးဖြတ်ပြီး လက်နက်စွန့်လွှတ် အပ်နှံရခြင်း ဖြစ်ပါတယ်။ မိမိတို့တစ်ဦးချင်း အပေါ်မှာသော်လည်းကောင်း၊ အဖွဲ့အပေါ်မှာသော်လည်းကောင်း နိုင်ငံတော်အနေနဲ့ တစ်စုံတစ်ရာ အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း လုံးဝမရှိဘဲ ကိုယ်တိုင်ဆုံးဖြတ်ချက်နဲ့ ပြည်သူ့ဆန္ဒနှင့်အညီ လက်နက်စွန့်လွှတ် အပ်နှံခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဒီနေ့ဒီအချိန်အခါဟာ လက်နက်စွဲကိုင်ပြီး လူထုကို အကြောက်တရားနဲ့ ခြိမ်းခြောက်၊ အခွန်အခဆက်ကြေးကောက်ပြီး ဖိနှိပ်နေရမယ့်အချိန် မဟုတ်တော့ပါဘူး၊ နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့စေတနာ၊ လူမျိုးဘာသာ၊ တောင်ပေါ်မြေပြန့် မခွဲဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ လက်နက်တွေစွန့်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမယ့်အချိန်အခါ ရောက်ရှိနေပြီဖြစ်ပါတယ်။

မိဘပြည်သူများက ကျွန်တော်တို့အပေါ် ခွင့်လွှတ်ပြီးနွေးထွေးစွာ ကြိုဆိုတဲ့အတွက် အထူးပင်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ရဲ့ မှားယွင်းတဲ့ လုပ်ရပ်များအတွက်လည်း နောင်တရမိပါတယ်။

ကျွန်တော်တို့ အမြင်မှန်ရလာကြတဲ့ SSNA တပ်မဟာ(၆)မှ တပ်ဖွဲ့ဝင်များအားလုံးအပေါ် စာနာခွင့်လွှတ်စိတ် အပြည့်အဝဖြင့် ယခုကဲ့သို့ အခမ်းအနားကျင်းပပေးပြီး သောင်းသောင်းဖြဖြကြိုဆိုကြတဲ့ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

● **နိုင်ငံတော်မှ**

ကျွန်တော့်အနေနှင့် ၁၉၇၅ခုနှစ်မှာ ကျွန်တော်တို့နယ်မြေမှာ (ဗကပ) ကြီးထွား စဉ်ကာလက တပ်ရင်း(၈၀၁) မှ တပ်ရင်းမှူးစိန်ပန်းက ရွှေလီချိုင့်ဝှမ်း စိုးမိုးရေးစီမံကိန်း အောင်မြင်ရေး အတွက် ကျွန်တော်တို့မှာ လူသစ် အတင်းအဓမ္မ လာရောက်ခေါ်ယူခြင်း ခံရပါတယ်။

ကျွန်တော့်ကို သင်တန်း ၁၅ရက် ပေးပြီး ကျွန်တော့်ကို ပစ္စတိုတစ်လက် နှင့်အတူ တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် နယ်မြေအတွင်း လူထုစည်းရုံးရေး တာဝန်ပေးခဲ့ပါတယ်။

(ဗကပ) ပြိုလဲပြီး နောက်ပိုင်း ကျွန်တော်တို့နယ်မြေကို SSA အဖွဲ့က လာရောက်ပြီး ကျွန်တော့်အား မှုဆယ်

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ က ပလောင် တိုင်းရင်း သား ခေါင်းဆောင် ဦးအိုက်မုန်းအား နိုင်ငံတော်မှ ထောက်ပံ့ပေး အပ် သော မီး သတ် ကား နှစ်စီးကို ပေးအပ်စဉ်။

(ယာပုံနှင့်ဝဲပုံ)

(သတင်းရှေ့ဖုံး)

(သတင်းစဉ်)

လက်နက်စွဲကိုင်၊ ဆက်ကြေးကောက်၊ လူသစ်စုဆောင်းနေသရွေ့ ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာလာမှာမဟုတ်

SSA ခွဲထွက်အဖွဲ့မှဦးစိုင်းရီက ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ၎င်းတို့အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူများကို ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ခရိုင်မှာ ခရိုင်ကော်မတီအဖြစ် တာဝန် ပေးအပ်ခဲ့ပါတယ်။ နယ်မြေအတွင်း ဖြစ်ပေါ်လာတဲ့ ပြဿနာများကို ဖြေရှင်း ရန်နှင့် ဆက်ကြေးကောက်ခံခြင်း၊ လူသစ် စုဆောင်းပေးခြင်းများဆောင် ရွက် ပေးခဲ့ရပါတယ်။

SSA အဖွဲ့ဟာ ဥပဒေဘောင် အတွင်း ဝင်ရောက်ခဲ့တဲ့အချိန်ကစ၍ ကျွန်တော်ဟာ SSA တပ်မဟာ(၃) တပ်မဟာမှူး ဦးစိုင်းမိုး၏ ကွပ်ကဲမှု အောက်မှာ တာဝန်ထမ်းဆောင်ခဲ့ရ ပါတယ်။ ဒီလို တာဝန်ထမ်းဆောင် ခဲ့တဲ့ ကာလတစ်လျှောက်လုံး နယ်မြေ လူထုထံမှ ဆက်ကြေးကောက်ခံခြင်း၊ ရှမ်းလူငယ် လူရွယ်များအား တပ်သား သစ်အဖြစ် စုဆောင်းပေးရခြင်းများ ဆောင်ရွက်ခဲ့ရပါတယ်။

ကျွန်တော်ရဲ့ လုပ်ဆောင်ချက်တွေ ဟာ နိုင်ငံတော်အတွက်ရော နယ်မြေ လူထုအတွက်ပါ ဘာမျှအကျိုးမပြုတဲ့ အပြင် ရိုးသားစွာ လုပ်ကိုင်ရှာဖွေ စားသောက်နေကြရှာတဲ့ ပြည်သူလူထု အတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်နေ တာကို သိမြင်လာခဲ့တာ ကြာပါပြီ။

ယခုနှစ်အတွင်း ရှမ်းပြည် အမျိုးသား တပ်မတော် SSNA မှ တပ်မဟာ(၁၁) ဦးကန်နအဖွဲ့၊ တပ်မဟာ(၁၉)ဦးဂုဏ် ခေး အဖွဲ့၊ PSLA ဦးအိုက်မုန်းအဖွဲ့များ ၎င်းတို့ကိုင်ဆောင်ထားတဲ့ လက်နက် တွေကို နိုင်ငံတော်ကို အပြီးအပိုင် အပ်နှံပြီး ငြိမ်းချမ်းရေးနှင့် လဲလှယ်ခဲ့တဲ့ အခမ်းအနားတွေကို တွေ့မြင်နေရ ပါတယ်။

ကျွန်တော့်အနေနဲ့ (ဗကပ) လက်ထက်တစ်လျှောက်လုံး ကျွန်တော် တို့နယ်မြေမှာ ဒုက္ခရောက်ကြပြီး၊ SSA အဖွဲ့နှင့် လက်တွဲပြီးနေပြန်တော့လည်း ပြည်သူလူထုသာ ဆက်ကြေးပေးရ၊ လူသစ်ပေးရနဲ့ ဒုက္ခရောက်နေရတာ ကို မြင်တွေ့နေရတာကြောင့် လူထု အပေါ်မှာ စာနာခံစားရပြီး အခုလို SSA အဖွဲ့မှခွဲထွက်ပြီး ငြိမ်းချမ်းရေး နဲ့ လက်နက်အပြီးအပိုင်လဲလှယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော် SSA အဖွဲ့အတွင်း တာဝန်ထမ်းဆောင်စဉ် ကာလ တစ်လျှောက်လုံး ကျွန်တော်တို့ မှုဆယ်၊ နမ့်ခမ်းဒေသက ရိုးသားဖြူစင်တဲ့ လူထုရဲ့ ချွေးနှဲစာတွေကို ဆက်ကြေး အဖြစ် ကောက်ခံရယူခဲ့ပြီး SSA ခေါင်းဆောင်တွေဆီ တစ်နှစ်ကို သိန်း ၃၀၀ ထက်မနည်း နှစ်စဉ်အပ်နှံပေးခဲ့ ရပါတယ်။

အဲဒီဆက်ကြေးငွေတွေကို ဒေသဖွံ့ဖြိုး ရေးအတွက် ဘာမျှဖြစ်မလာဘဲ၊ ကျွန်တော်တို့ ခေါင်းဆောင်ပိုင်း အတွက် စည်းစိမ်ခံစားရဖို့နဲ့ မယား ငယ်အသီးသီးအတွက် အသုံးစရိတ် အတွက်သာ အဓိကသုံးစွဲနေကြတာကို တွေ့ရပြီး၊ ကျွန်တော်တို့ တပ်ဖွဲ့ဝင် ငယ်သားတွေမှာတော့ လူထုဆီမှာ တောင်းရမ်းစားရတဲ့ဘဝနဲ့ လစာ တစ်လ ကျပ် ၅၀၀ လောက်နဲ့သာ ဆင်းဆင်းရဲရဲ နေခဲ့ကြရပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ရဲ့ လုပ်ရပ်တွေအပေါ်မှာ ပြည်သူလူထု ခါးစည်း ခံနေကြရပြီး၊ လက်နက်ကိုင် ထားလို့ အကြောက်တရားရှိနေကြသော် လည်း ကျွန်တော်တို့ တိုင်းရင်းသား အားလုံးက ကျွန်တော်တို့လုပ်ရပ်တွေ ကို မုန်းတီးငြိုငြင် ခံစားနေကြတာကို ထင်ထင်ရှားရှား သိမြင်နေမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ နောင်တ ကြီးစွာရရှိနေခဲ့ရပါတယ်။

ကျွန်တော်တို့လက်နက်များ စွဲကိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ ကျွန်တော်တို့ လိုလားတာတွေကတော့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာတာကို လိုလား တောင့်တခဲ့ပါတယ်။ ဒီလိုဆန္ဒရှိခဲ့သော် လည်းပဲ ထိုစဉ်က တိုင်းပြည်ကို တာဝန် ယူခဲ့တဲ့ အစိုးရအဖွဲ့များအနေဖြင့် ကျွန်တော်တို့ လိုလားတောင့်တခဲ့တဲ့

SSA ခွဲထွက်အဖွဲ့မှ ဦးစိုင်းရီ ရှမ်းတိုင်းရင်းသားဘာသာဖြင့် ပြောကြားသည့် ကျေးဇူးတင်စကားကို ကချင်တိုင်းရင်းသူ မရွှယ်ဆိုင်ခမ်းက မြန်မာဘာသာပြန်ဆို၍ ပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးတွေကို ဆောင်ရွက်ပေး ဖို့ အားနည်းခဲ့ပါတယ်။ ဒါ့ကြောင့် လူမျိုးရေးစိတ်ဓာတ်၊ ဒေသစွဲစိတ်ဓာတ် တွေနှင့် အယူအဆမှားယွင်းစွာ လက်နက်ကို စွဲကိုင်ခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိ တပ်မတော်အစိုးရကာလမှာ ဒေသဖွံ့ဖြိုးရေးကို ကျေးလက်ပါမကျန် အောင် စာသင်ကျောင်းတွေ၊ ဆေးရုံ တွေ၊ လျှပ်စစ်မီးတွေ၊ လမ်း၊ တံတား တွေ စတဲ့လုပ်ငန်းများကို ဆောင်ရွက် ပေးနေတာတွေကို ကျွန်တော်တို့ မြင်တွေ့ခံစားနေရပါတယ်။ ဒါ့ကြောင့် လက်နက်ကိုင်လမ်းစဉ်ဟာ မှားယွင်း နေပြီလို့ စဉ်စားမိခဲ့တဲ့အတွက် ငြိမ်းချမ်း ရေးနှင့် လက်နက်လဲလှယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ လက်နက်ကိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ တပ်ဖွဲ့ဝင် အားလုံးရဲ့ စားဝတ်နေရေးအခက်အခဲ များအတွက် ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံ ရပ်တည်ခဲ့ရ ပါတယ်။ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေး ဦးတည်ချက်ရှိခဲ့သော် လည်း လူထုထံမှ ဆက်ကြေးကောက် စားသုံးနေရပြီး လူထုအကျိုးကို မဆောင်ရွက် နိုင်ခဲ့ပါဘူး။ နိုင်ငံတော်အစိုးရအနေနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ပေးနေတာကို တွေ့မြင် သိရှိနေရပါတယ်။ ကျွန်တော်တို့ကြောင့် လူထုမှာ ဝန်ထုပ်ဝန်ပိုးများဖြစ်နေတာ တွေ့ရလို့ အပြီးအပိုင် လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ပြီး လူထု အကျိုးကို ရှေးရှုပြီး လက်နက်များစွန့်ခဲ့ ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ လက်နက်စွဲကိုင် ထားတဲ့ ကာလတစ်လျှောက်လုံး လူထု ထံမှ အခွန်အခဆက်ကြေးငွေကောက်ခံ စားသောက်ခဲ့ရပါတယ်။ ဆက်ကြေးငွေ ပေးနေရတဲ့ လူထုနှင့် နေ့စဉ်ထိတွေ့ ဆက်ဆံနေရပါတယ်။ ထိတွေ့ဆက်ဆံ နေရတဲ့ သူတွေကလည်း တိုင်းရင်းသား သွေးရင်းများဖြစ်တဲ့အတွက် သူတို့ အပေါ် ရက်စွဲ့အားနာမှုကို ကိုယ်တိုင် ခံစားလာရပါတယ်။ ပြည်သူလူထု ကလည်း ဆက်ကြေးငွေများ၊ ဆန်စပါး များ ပေးကမ်းနေရတာကို စေတနာမရှိ နိုင်တာကိုလည်း နားလည်ခံစား လာခဲ့ ရပါတယ်။

ဒါ့ကြောင့် ပြည်သူ့မျက်နှာ ထောက်ထားညှာတာပြီး ပြည်သူ့ မျက်နှာ ထောက်ထားစာနာပြီး မိဘ ပြည်သူတို့၏ဆန္ဒနှင့်အညီ လက်နက် စွန့်ဖို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပါတယ်။

ယခုလို လက်နက်စွန့်လွှတ်အပ်နှံ ရခြင်းဟာ မိမိကိုယ်တိုင် အသိမှန်၊ အမြင်မှန် ရရှိလာခြင်း၊ ပြည်သူ့ဆန္ဒမှန် ကို နားလည်လာခြင်း၊ နိုင်ငံတော် အစိုးရ၊ တပ်မတော်၏ စေတနာမှန် ကို ကိုယ်တိုင်သိမြင် ခံစားလာရခြင်း၊ မိမိတို့ကိုယ်တိုင် တစ်ဦးချင်း လက်နက် ကိုင်စွဲထားခြင်းဟာ ပြည်သူ့အတွက် ရော၊ မိမိတစ်ဦးချင်းအတွက်ရော အကျိုးမရှိခြင်း၊ ပြည်သူနှင့် ဒေသအပေါ် ကိုလည်း ဝန်ထုပ်ဝန်ပိုးသာ ဖြစ်စေ ကြောင်း၊ လေးလေးနက်နက် ယုံကြည် လာခဲ့ပြီး အမြင်မှန် ရလာတဲ့အတွက် မိမိတို့ဆန္ဒအလျောက် ခိုင်မာစွာ ဆုံးဖြတ်ပြီး လက်နက်စွန့်လွှတ် အပ်နှံ ရခြင်းဖြစ်ပါတယ်။ မိမိတို့ တစ်ဦးချင်း အပေါ်မှာသော်လည်းကောင်း၊ အဖွဲ့ အပေါ်မှာသော်လည်းကောင်း၊ နိုင်ငံ တော်အနေနဲ့ တစ်စုံတစ်ရာ အကျပ်ကိုင် ခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း လုံးဝမရှိဘဲ ကိုယ်တိုင်ဆုံးဖြတ်ချက် နဲ့ ပြည်သူ့ဆန္ဒနှင့်အညီ လက်နက် စွန့်လွှတ် အပ်နှံခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ မွေးဖွားရာဒေသအတွင်း တည်ငြိမ် အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို အမှန် တကယ်လိုလားတယ်။ ကျွန်တော်တို့ ရှမ်းလူမျိုးပြည်သူတွေဘဝ တိုးတက်ဖို့ တကယ်လိုလားတယ်ဆိုရင် လက်နက် စွဲကိုင်ပြီး ဆက်ကြေးကောက်၊ လူသစ် စုဆောင်းတာတွေ လုပ်နေသရွေ့ ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက် အေးချမ်း သာယာလာမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ကိုယ်တိုင်လည်း နားလည် တယ်။ ပြည်သူတွေလည်း ကောင်းကောင်း သိမြင်နေကြပြီဖြစ်ပါ တယ်။

ဒါကြောင့် အခုလို ကျွန်တော်တို့အဖွဲ့ အနေနဲ့ ပြည်သူများဆန္ဒနဲ့အညီ အမှန် တရားကို လက်ခံပြီး ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင်လဲလှယ်နိုင်ခဲ့တဲ့ အတွက် အထူးဝမ်းသာမိပါတယ်။ ပြုခဲ့ မိတဲ့အမှားကို အမှန်နဲ့လဲလှယ်နိုင်ခဲ့တာ မို့ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွား သလို ခံစားမိပါတယ်။ ဒါကြောင့် လည်း နောင်အလားတူအမှားမျိုး ထပ်မံ မဖြစ်အောင်နေထိုင်ပြီး ပြည်သူတို့နဲ့ အတူ ဒေသအကျိုးကို တတ်စွမ်းသမျှ ပါဝင်ထမ်းဆောင်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

(သတင်းစဉ်)

အောင်စေတီဆရာတော် ဝိဇာတမင်္ဂလာ

ရန်ကုန် ဇူလိုင် ၂၄

သာကေတမြို့နယ် (၁၀)တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရ ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရ (အစိုးရ ဓမ္မာစရိယ)၏ သက်တော်(၇၆)နှစ်ပြည့် ဝိဇာတမင်္ဂလာအခမ်းအနားကို ဇူလိုင် ၃၀ရက်(စနေနေ့) နံနက် ၆နာရီမှ ၁၁ နာရီအထိ ဘုရားအမှူးပြုသော သံဃာ တော် အပါး ၉၀တို့အား သင်္ကန်း၊ ဆွမ်းဘောဇဉ်၊ ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ဇူလိုင် ၃၁ရက် (တနင်္ဂနွေနေ့)နံနက်တွင် အကြိမ်(၁၄၀)မြောက် သိက္ခာထပ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၈:၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈:၁၅ ၈။ အတီးပြိုင်ပွဲ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၅:၁၅ ၆။ အကပဒေသာ

၅:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး

၅:၄၀ ၈။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ

၅:၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၆:၀၅ ၁၀။ စက်မှုစွမ်းအားခေတ်ကျော်လွှား

၆:၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်ကလေး" (အပိုင်း-၇)**

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၇)**

၇:၃၀ ၁၅။ တေးဂီတအစီအစဉ်

၇:၄၅ ၁၆။ မြန်မာ့ရိုးရာခြင်းလုံးအားကစား

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၃၇)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့် ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၅ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့**တွင် ဖြေဆိုကြ ရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့် အချိန်ကိုသတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေး ခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည် / မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့ တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ နှင့်ဇီဝဗေဒ ဘာသာ တွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင် သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင် များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ် တည်ရှိ သည့်မြို့၌ အောက်ဖော်ပြပါ နေ့ ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်-

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၆-၉-၂၀၀၅)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၁၇-၉-၂၀၀၅)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ် အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန် မကန် ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာ များနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာ များအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားတွင် တိုင်းရင်းသားခေါင်းဆောင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူမျိုးရေးစိတ်၊ ဒေသစွဲစိတ်တွေနဲ့ အယူအဆမှားယွင်းစွာ လက်နက်ကို စွဲကိုင်ခဲ့ လူထုထံမှ ဆက်ကြေးကောက် စားသုံးနေရပြီး လူထုရဲ့အကျိုးကို မဆောင်ရွက်နိုင်ခဲ့ ပြည်သူ့မျက်နှာ ထောက်ထားစာနာပြီး မိဘပြည်သူတို့၏ဆန္ဒနှင့်အညီ လက်နက်စွန့်ဖို့ ဆုံးဖြတ်

ရန်ကုန် ဇူလိုင် ၂၄

၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး ဦးစိုင်းကူက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံဆောင်ရွက်ရသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် ပြောကြားခဲ့ပြီး ရှမ်းတိုင်းရင်းသူ မနန်းမိုဆိုင်နွံခမ်းညွန့်က မြန်မာဘာသာပြန်ဆို ပြောကြားခဲ့သည်။

အဆိုပါ ပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော်ကတော့ SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး ဦးစိုင်းကူ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပင်လုံမြို့နယ်၊ ပန်ဟူးကျေးရွာမှာ မွေးဖွားခဲ့တဲ့ ရှမ်းတိုင်းရင်းသား ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသမှာ နိုင်ငံတော်က စာသင်ကျောင်းများ ဖွင့်လှစ်ခဲ့ပေမယ့် ဒေသလုံခြုံမှုမရှိတဲ့အတွက် ဆရာ၊ ဆရာမများ ပြည့်ပြည့်စုံစုံနှင့် စာသင်ကြားနိုင်ခြင်းမရှိလို့ ပညာကို ကောင်းစွာ မသင်ကြားခဲ့ရဘဲ ကျောင်းမနေခဲ့ရပါဘူး။

ဒီသောင်းကျန်းသူတွေဟာလည်း ကျွန်တော်တို့ ရှမ်းလူမျိုးများသာဖြစ်ပြီး၊ အမြင်ကျဉ်းကျဉ်းနဲ့ ဖျက်လိုဖျက်ဆီး လုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့ လူငယ်တွေသာ ပညာမတတ်ခဲ့ဘဲ တွေးခေါ်မြော်မြင်နိုင်စွမ်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

ထာဝရငြိမ်းချမ်းရေး

နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့စေတနာ၊ လူမျိုးဘာသာ၊ တောင်ပေါ်မြေပြန့် မခွဲဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ လက်နက်တွေ စွန့်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမယ့် အချိန်အခါ ရောက်ရှိနေပြီ။

နိုင်ငံတော်အစိုးရ၊ တပ်မတော်၏ စေတနာအမှန်ကို ကိုယ်တိုင်သိမြင်ခံစားလာရ လက်နက်ကိုင်စွဲထားခြင်းသည် ပြည်သူနှင့် ဒေသအပေါ် ဝန်ထုပ်ဝန်ပိုးသာဖြစ် အမြင်မှန်ရလာသည့်အတွက် မိမိတို့ဆန္ဒအလျောက် လက်နက်စွန့်လွှတ်အပ်နှံ

ရန်ကုန် ဇူလိုင် ၂၄

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် SSA ခွဲထွက်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးစိုင်းရီက ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် လဲလှယ်အပ်နှံဆောင်ရွက်ရသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် ပြောကြားခဲ့ပြီး ကချင်တိုင်းရင်းသူ မရွယ်ဆိုင်ခမ်းက မြန်မာဘာသာ ပြန်ဆိုပြောကြားခဲ့သည်။

အဆိုပါ ပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကျွန်တော်ကတော့ ရှမ်းပြည်တပ်မတော် SSA မှ ခွဲထွက်အဖွဲ့ခေါင်းဆောင် ဦးစိုင်းရီဖြစ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းလူမျိုးတစ်ဦးဖြစ်ပြီး မူဆယ်မြို့နယ် ဝိန်းလန်းကျေးရွာမှာ မွေးဖွားပါတယ်။ ၁၉၆၁ခုနှစ်မှာ ပန်ခမ်းကျေးရွာ မူလတန်းကျောင်းမှာ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ပါတယ်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ●